ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (30-7-2015) (၈၂၇၇)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ရိုကိုနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်ရိုကိုနိုင်ငံ ဆဌမမြောက် မိုဟာမက် ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မိုးရွာသွန်းမှုများ

| | | | | |
|---|---|---|---|---|
| ကျောက်တော် | ၈ | ဒသမ | ၇၈ | လက်မ |
| ပေါင် | ၇ | ဒသမ | ၀၇ | လက်မ |
| မြောက်ဦး | ၆ | ဒသမ | ၃၄ | လက်မ |
| ကျောက်ဖြူ | ၆ | ဒသမ | ၂၂ | လက်မ |
| ကြို့ပင်ကောက် | ၅ | ဒသမ | ၁၂ | လက်မ |
| စစ်တွေ | ၄ | ဒသမ | ၉၂ | လက်မ |
| ဘားအံ | ၄ | ဒသမ | ၄၅ | လက်မ |
| သံတောင် | ၄ | ဒသမ | ၂၁ | လက်မ |



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆွေးနွေး

*သတင်းစာမျက်နှာ » ၃*

# မဲပေးခြင်းဆိုင်ရာ အသိပညာများနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများဆောင်ရွက်ရန် ကမ္ဘာကျော်မင်းသမီး မစ္စ အင်ဂျလီနာ ဂျိုလီပစ် ရောက်ရှိ

ခင်ရတနာ

**နေပြည်တော် ဇူလိုင် ၂၉**

"မြန်မာနိုင်ငံကို ရောက်ရှိပြီး လူတွေအများကြီးနဲ့ တွေ့ဆုံခွင့်ရမှာမို့ ပျော်ရွှင်မိပါတယ်။ UNHCR နဲ့ပူးပေါင်းပြီး အကူအညီပေးမှုတွေလည်း လုပ်ဆောင်သွားဖို့ရှိတယ်။ ပထမဆုံးအကြိမ်ရောက်ရှိတာမို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဘာမှမပြောလိုသေးပါဘူး။ မနက်ဖြန်ကစပြီး နေရာအချို့ကို သွားရောက်မယ်။ နိုင်ငံသားတွေနဲ့ ဆက်လက်တွေ့ဆုံသွားဖို့ရှိတယ်"ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာ ဂျိုလီပစ်က ဖြေကြားသည်။

ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်နှင့် လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးဖြစ်သူ၊ ကုလသမဂ္ဂ အထူးသံတမန် မစ္စအင်ဂျလီနာ ဂျိုလီပစ်သည် ယနေ့နံနက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ နေပြည်တော်သို့ ရောက်ရှိလာခဲ့ပြီး နိုင်ငံတော် သမ္မတအပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး ပဋိပက္ခများဖြစ်ပေါ်ခြင်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံအတွင်းရှိ အနာဂတ်အရေးကိစ္စများအတွက် လေ့လာမှုများနှင့် ပြည်သူများအားတွေ့ဆုံမှုများ ပြုလုပ်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မက အမျိုးသမီးအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ ရွှေ့ပြောင်းနေကြရတဲ့ လူငယ်တွေနဲ့ တွေ့ဆုံခွင့်ရဖို့ အဓိကလာရောက်ရခြင်းဖြစ်ပါတယ်။ အနာဂတ်မြန်မာနိုင်ငံမှာ သူတို့နဲ့ ဆက်စပ်ပြီး ပိုမိုကောင်းမွန်တဲ့ မျှော်လင့်ချက်တွေအတွက် သူတို့တွေကိုတွေ့ဆုံပြီး လိုအပ်တဲ့ အကြံဉာဏ်တွေ ပေးချင်တယ်။ နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာ ပြည်သူတွေနဲ့ အားလုံးသော အဆင်မပြေသူတွေအတွက် ဒီမိုကရေစီဖော်ဆောင်နိုင်အောင် လေ့ကျင့်ပေးနိုင်ဖို့နဲ့ အေးချမ်းတဲ့ အနာဂတ်အတွက် အခြေခံကျတာတွေကို နားလည်အောင် အကူအညီတွေ ပေးအပ်သွားဖို့ရှိပါတယ်"ဟု မစ္စ အင်ဂျလီနာ ဂျိုလီပစ် က ပြောကြားသည်။

ဂျိုလီ၏ မြန်မာနိုင်ငံခရီးစဉ်အဖြစ် ဇူလိုင် ၃၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်မည်ဖြစ်ပြီး ဇူလိုင် ၃၁ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်းများသို့ သွားရောက်မည့်အပြင် **စာမျက်နှာ ၃ ကော်လံ ၁ သို့☆**



**ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် အား နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ရစဉ်။** (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၃၀-၇-၂၀၁၅၊ ကြာသပတေးနေ့

# စာရိတ္တခိုင်ကျည်မှ လူမှုဘဝမြင့်မား

မြန်မာနိုင်ငံသည် ယဉ်ကျေးသော နိုင်ငံဖြစ်သည်။ ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများနှင့် ဘာသာတရားအခြေခံကျင့်ဝတ်များကို နားလည်လက်ခံထားသည်။ ယင်းတို့ကိုအခြေခံ၍ စာရိတ္တမြင့်မားခိုင်ကျည်အောင် တည်ဆောက်ကာ မိမိတို့ တစ်ဦးချင်းဘဝနှင့် ယဉ်ကျေးသော အသိုက်အမြုံကို ဖန်တီးထားသည်။ မိဘဆရာသမားများ၏ အဆုံးအမကို နာခံသည့် အစဉ်အလာသည် လူမှုဘဝကို ထိန်းကျောင်းပေးထားသည်။

သို့သော် လက်ရှိအခြေအနေတွင် ယင်းအခြေအနေများ ပါးလျားလာခြင်းနှင့်အတူ ဆန့်ကျင်ဘက်သဘောများ ပိုမိုအားကောင်းလာသည်ကို တွေ့ရသည်။ အဓိကထိုးနှက်လာသောအရာမှာ မူးယစ်စေသော အကြောင်းတရားဖြစ်သည်။ လူတို့၏ ကျန်းမာရေး၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားများကို ဖျက်ဆီးနိုင်သည့် အရက်သေစာသောက်စားခြင်းကို ကျင့်ဝတ်နီတိများနှင့် အဆုံးအမတို့ဖြင့် ရှောင်ကြဉ်ထားသည်။ ထိုမကောင်းသောအမှုပြုခြင်းကို တစ်ချိန်သောအခါက အကန့်အသတ်ဖြင့် ပိုင်းခြားထားသော်လည်း ယခုအခါ ထမင်းစား၊ ရေသောက်သကဲ့သို့ တွင်ကျယ်ခေတ်စားကာ အစဉ်အလာကဲ့သို့ ဖြစ်လာသည်။

၎င်းနှင့်အလားတူ အခြားတစ်မျိုးမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သုံးစွဲခြင်းဖြစ်သည်။ အဆိုပါကိစ္စမှာ အရက်သေစာထက် ပိုမိုဆိုးရွားသဖြင့် ပြင်းထန်သောပြစ်ဒဏ်များနှင့် ထိရောက်သောရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ထားရာ လုပ်ရဲကိုင်ရဲသူနည်းပါးခဲ့သည်။ ယခုအခါ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများမှာ ခပ်စိပ်စိပ်တွင်ကျယ်လာသဖြင့် သုံးစွဲသူများပြားလာသည်ဟု ဆိုနိုင်သည်။

မကြာသေးမီရက်ပိုင်းက ရန်ကုန်မြို့ကဲ့သို့သော မြို့တော်ကြီး၏ မင်္ဂလာဒုံအောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး လမ်းမပေါ်တွင်ရပ်ထားသည့် ယာဉ်တစ်စီးပေါ်မှ ကျပ်ဘီလီယံ တစ်ရာကျော်တန်ဖိုးရှိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆ သိန်းကျော်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်ကြားသိခဲ့ရာ လွန်စွာအံ့ဩတုန်လှုပ်မိပါသည်။ ဤမျှများပြားသော မူးယစ်ဆေးပြားများအား မြို့တော်ကြီးအနီးသို့ မည်သူက မည်သို့မည်ပုံသယ်ဆောင်ခဲ့ပါသနည်းဟု တွေးတောမိသည်။

ယခုအခါ အရက်သေစာရောင်းချခြင်းလုပ်ငန်းများကို မြို့တကာ၊ နယ်တကာအနှံ့ မဆန်းတော့သည့်သဘော မြင်တွေ့နေခဲ့ရာမှ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများကိုလည်း ခပ်စိပ်စိပ် မြင်တွေ့ကြားသိလာရသည်။ အရက်သေစာကို လိုင်စင်ဖြင့်တရားဝင်ရောင်းဝယ်ကြသလို တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများမှာ နိုင်ငံအနှံ့ရှိသည်။ မူးယစ်ဆေးဝါးကို ပြင်းထန်စွာတိုက်ဖျက်အရေးယူလျက်ရှိသဖြင့် ခိုးကြောင်ခိုးဝှက်လုပ်ကြသည်။ တိကျသည့် မူးယစ်ဥပဒေ ရှိသော်ငြားလည်း အတင့်ရဲစွာ ဆက်လက်လုပ်ကိုင်နေကြသဖြင့် ထိထိရောက်ရောက် ခပ်စိပ်စိပ် ဆက်လက်တိုက်ဖျက်ကြရမည်။

အရက်ကို လူမှုဘဝစာမျက်နှာများတွင် "အရက်သေစာ" သို့မဟုတ် "သေရည်သေရက်"ဟု သုံးနှုန်းကြသည်။ ထိုသို့သုံးနှုန်းသည့်အတိုင်းပင် 'အရက်' သည် 'သေစာ'ဖြစ်သည်။ အရက်ကို မဆင်မခြင်သောက်သုံးလျှင် 'သေရည်'ဖြစ်စေပြီး တစ်နေ့တွင် 'သေရက်'ကိုရောက်ရှိမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် အရက်သေစာ သေရည်သေရက်ဟု သုံးနှုန်းခဲ့ခြင်းဖြစ်တန်ရာသည်။

အရက်သောက်သုံးခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ သုံးသန်းကျော် သေဆုံးနေပြီး ဘဝပျက်ခဲ့ကြသူများလည်း အမြောက်အမြားရှိသည်ဟု မှတ်တမ်းများတွင်ဆိုထားသည်။ အရည်အသွေးမမှန်၊ စနစ်မကျသော အရက်သောက်သုံးခြင်းကြောင့် အေ့စ်ရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ တီဘီရောဂါစသည့် ရောဂါများသာမက စာရိတ္တပျက်ယွင်းစေသည့် အကြမ်းဖက်မှုများဖြစ်ပေါ်နေသည်။

အလားတူ မူးယစ်ဆေးဝါးသည် အရက်ထက်ပိုမိုဆိုးရွားစွာဖြစ်ပေါ်စေပါသည်။ လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးစေသည့် အရာများတွင် မူးယစ်ဆေးဝါးသာမက အရက်လည်းပါဝင်ပါသည်။ မျက်မှောက်ကာလ နိုင်ငံတော်သစ်ကိုတည်ဆောက်နေသောအချိန်ကာလတွင် စွမ်းရည်ရှိသော လူသားအရင်းအမြစ်များ၊ လူကောင်းလူတော်များ အမြောက်အမြားလိုအပ်နေပါသည်။ ထိုအချိန်ကာလတွင် မူးယစ်ဆေးဝါးနှင့် အရက်ကြောင့် လူသားအရင်းအမြစ်များ မဆုံးရှုံးစေရေးမှာ အားလုံးတွင်တာဝန်ရှိနေပါသည်။ ။

## သံဃာတော်များအား သာသနာဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သံဃာတော်များအား သာသနာဝင်စိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းနှင့် ဆက်ကပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၈ ရက်က ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလေးအောင်၊ ခရိုင်နှင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မိုးသာတို့ တက်ရောက်ကြပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးဝိဇ္ဇာနန္ဒအား အမှူးထား၍ သံဃာတော် ၃၃ ပါးအား သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အခြေခံပညာမူလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်

**နောင်ချို ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မျက်ချင်းနုကျေးရွာအုပ်စု ကျောက်တောကျေးရွာ အခြေခံပညာမူလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ကျောက်တောကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဒေါ်အေးအေးမြင့်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းကျောင်းခွဲအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လက်ထောက်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်း ပြဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၉၀၀၀ | - | ၇၂၉၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၉၀၀၀ | - | ၇၂၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၇၀. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၃၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၅၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄. ၈၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၈၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၀၁. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၈၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၉. ၃၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၇. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ပေးဆပ်သူများ လူမှုကူညီရေးအသင်း (၃)နှစ်ပြည့်အထိမ်းအမှတ် စုပေါင်းသွေးလှူ

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခုတင်(၁၀၀၀)ဆေးရုံတွင် ပေးဆပ်သူများ လူမှုကူညီရေးအသင်း၏ (၃)နှစ်ပြည့်အထိမ်းအမှတ် သွေးလှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက်က ပြုလုပ်ရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် တက်ရောက်အားပေး စကားပြောကြားသည်။

အဆိုပါ သွေးလှူဒါန်းခြင်းကို ပေးဆပ်သူများ လူမှုကူညီရေးအသင်းမှ သွေးလှူရှင် ၁၀၅ ဦးနှင့် ဇမ္ဗူသီရိ ကျေးလက်လူငယ် ၁၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းပြီး သွေးအလှူရှင်များအား ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့နှင့် အားဖြည့်အချိုရည်များကို ထောက်ပံ့ပေးအပ်ခဲ့ကာ ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဇမ္ဗူသီရိ လူငယ်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်နေမှုကိုနှုတ်ဆက် အားပေးစကားပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**




ကြေးမုံ
နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ၊ အမျိုးသမီးရေးရာကိစ္စရပ်များ၊ ပဋိပက္ခများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပပျောက်ရေးလုပ်ငန်းများအား အတူတကွ လက်တွဲ၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဥပဒေများရေးဆွဲဆောင်ရွက်နေမှု၊ ကလေးသူငယ်များအား အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေး ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်အား အမှတ်တရ လက်ဆောင်ပေးစဉ်။**

(သတင်းစဉ်)



**ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာစဉ်။**

(သတင်းစဉ်)

**☆ရှေ့ဖုံးမှ**

မြစ်ကြီးနားမြို့ရှိ ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား အကာအကွယ်ပေးမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံရန် ရှိကြောင်း သိရသည်။

ထို့နောက် ဇူလိုင် ၃၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံမည်ဖြစ်ကာ ဩဂုတ် ၁ရက်၌ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခြင်းနှင့် ညနေပိုင်းတွင် ဗြိတိန်သံအမတ်ကြီး၏ နေအိမ်သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ဟောလီးဝုဒ်မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပြီး ၂၀၀၀ပြည့်နှစ်တွင် ပြည်တွင်းစစ်ဒဏ် ခံစားခဲ့ရသော ကမ္ဘောဒီးယားနိုင်ငံသို့ Lara Croft: Tomb Raider ဇာတ်ကားရိုက်ကူးရန်အတွက် ရောက်ရှိခဲ့ချိန်မှစတင်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များကိုစိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစတင်ကာ နိုင်ငံအသီးသီးရှိ ဒုက္ခသည်စခန်းများသို့ လှည့်လည်သွားရောက်ခဲ့ပြီး ၂၀၀၁ခုနှစ်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဒုက္ခသည်များဆိုင်ရာ ချစ်ကြည်ရေး သံအမတ်အဖြစ် ခန့်အပ်ခံရသည်။ ၂၀၁၂ခုနှစ်တွင် မဟာမင်းကြီး အန်တိုနီယို ဂုတားရက်စ်က ဂျိုလီပစ်အား သူ၏ အထူးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။

ဂျိုလီပစ်သည် စွန့်ပစ်ခံ ကလေးငယ် သုံးဦးအား သားသမီးအရင်းများနှင့်မခြား ပြုစုစောင့်ရှောက်ထားလျက်ရှိပြီး ပထမဆုံး မွေးစားကလေးမက်ဒေါ့စ်မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိမိဘမဲ့ဂေဟာတစ်ခုမှဖြစ်သည်။ အခြား ကမ္ဘောဒီးယားတစ်ဦးနှင့် အာဖရိကတိုက် အီသီယိုးပီးယားနိုင်ငံမှ ကလေးငယ်တစ်ဦးကိုလည်း မွေးစားခဲ့သူဖြစ်သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှထုတ်ပြန်သည့် အချက်အလက်များအရ ကမ္ဘာပေါ်တွင် စစ်ပွဲများနှင့် ပဋိပက္ခများကြောင့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသော ဒုက္ခသည်အရေအတွက်မှာ သန်း ၅၀ကျော်ရှိပြီး ဇွန် ၂၀ရက်ကို ကမ္ဘာ့ဒုက္ခသည်နေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းတွင် အားပေးကူညီမှုများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဂျိုလီက သူ့အတွက် လုံခြုံရေး အစီအစဉ်တွေကိုတောင် မနည်းယူပေးနေရတာပါ။ သူ့ရဲ့သဘောက လွတ်လွတ်လပ်လပ်နဲ့ မြန်မာပြည်သူတွေကို တွေ့ဆုံလိုတာဖြစ်ပါတယ်။ သူတွေ့မြင်ခဲ့ရသမျှကို UNHCR ကို တင်ပြအစီရင်ခံမှာဖြစ်သလို သူတတ်စွမ်းသမျှနဲ့လည်း စိတ်ဓာတ်ရေးရာအရ အကူအညီတွေ ပေးအပ်သွားမှာဖြစ်ပါတယ်။ ခရီးစဉ်အသေးစိတ်ကိုတော့ တာဝန်ယူဖိတ်ကြားတဲ့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံးနဲ့ UNHCR တို့က စီစဉ်ပေးမှာဖြစ်ပြီး သူ့ရဲ့ ကိုယ်ပိုင်အစီအစဉ်နဲ့ လေ့လာရေးတွေလည်း ပါဝင်တယ်"ဟု ဗြိတိန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့က ဂျိုလီသွားမယ့် ခရီးစဉ်မှာ ကြိုစောင့်နေမှာပါ။ သူနဲ့ စခန်းက လူတွေ တွေ့ဆုံနိုင်အောင် စီစဉ်ပေးဖို့ရှိပါတယ်။ သက်ဆိုင်ရာ ဒေသခံတွေကလည်း ဂျိုလီလာရောက်မယ်ဆိုတာကြောင့် ပျော်ရွှင်နေကြပါတယ်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးလည်းဖြစ်ပြီး လူသားဆန်လှတဲ့သူ့ကို အားလုံးက မျှော်လင့်နေကြပါတယ်။ အားနည်းသူတွေအတွက် ဂျိုလီရဲ့ အားပေးမှုက အကျိုးကျေးဇူးများစွာရရှိစေမှာ ဖြစ်ပါတယ်"ဟု UNHCR မှ ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ဖုန်းဖြင့် ဖြေကြားသည်။

မစ္စ အင်ဂျလီနာဂျိုလီပစ်သည် ခရီးစဉ်ကာလအတွင်း ရွေးကောက်ပွဲတွင် ပြည်သူအားလုံး တက်ကြွစွာ ပါဝင်ကြစေရန်၊ မဲပေးသူများအတွက် Voter Education များ ပေးအပ်ရန်နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာများ ၊ လူ့အခွင့်အရေးနှင့် ဒုက္ခသည်များဆိုင်ရာ ကူညီမှုများ ပေးအပ်ရန်အတွက်ဖြစ်ကြောင်း ဗြိတိန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ဂျိုလီပစ်သည် ၂၀၀၉ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ထိုင်း-မြန်မာ နယ်စပ်ရှိ ကရင်ဒုက္ခသည်စခန်းများသို့လည်း သွားရောက်ကာ စိတ်ဓာတ်ရေးရာ အားပေးမှုများနှင့် သူတတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။ မြန်မာနိုင်ငံသို့ ယခုအကြိမ်လာရောက်ခြင်းမှာ ၎င်း၏ တရားဝင် ပထမဆုံးအကြိမ်ဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာဂျိုလီပစ်နှင့် ကိုယ်စားလှယ်အဖွဲ့မှ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လိင်အကြမ်းဖက်မှုများအား ကာကွယ်တားဆီးရေး၊ လူ့အခွင့်အရေး၊ လူသားချင်း စာနာထောက်ထားရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဆည်တော်ကြီးရေလှောင်တမံ ရေတံခါးဦးများမှ ထိန်းညှိရေလွှတ်မည်

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ချောင်းမကြီးချောင်းပေါ်တွင် တည်ရှိသောဆည်တော်ကြီးဆည်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများပြည့်လျှံပြီး ဆည်တော်ကြီးတမံ ချောင်းမကြီးရေလျှံပါက ယခင်က စိုက်ခင်းများပျက်စီးပြီး အနီးကျေးရွာများ ရေဝင်ရောက်သည့်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရသစ်လက်ထက်တွင် ဆည်တော်ကြီး ရေလှောင်တမံ၏ ရေပြည့်အမှတ် RL၄၁၉ ဒသမ ၅ ပေ ရောက်ရှိရန် ရေပြည့်အမှတ် ၄ ဒသမ ၅ ပေအလို RL ၄၁၅ ပေ ရှိပါက ဝင်ရေနှင့် ထွက်ရေမျှတရန် ပေ ၄၀၊ ၃၅ ပေရှိသော ရေတံခါးခုနစ်ချပ်အား ထိန်းညှိလွှတ်ပေး၍ စိုက်ခင်းများနှင့် ကျေးရွာများတွင် ရေဝင်ရောက်မှုမရှိရေး စီမံဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီးဖြစ်သည်။

ယနေ့ ဆည်တော်ကြီး၏ ရေအမှတ်သည် RL ၄၁၃ ဒသမ ၈ ပေရှိပြီး၊ လက်ရှိရေဝင်ရောက်မှုသည် တစ်နာရီလျှင် သုည ဒသမ ၁ ပေနှင့် ဝင်ရောက်ပါက နောက်တစ်နေ့ နံနက် ၄ နာရီတွင် သတ်မှတ်ရေမှတ် ရောက်မည်ဖြစ်၍ ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီခွဲတွင် ရေတံခါးများမှ ရေများအား ရေနံ့သာချောင်းသို့ ပတ်ဝန်းကျင်ကျေးရွာများနှင့်စိုက်ခင်းများသို့ ဝင်ရောက်မှုမရှိအောင် ထိန်းညှိလွှတ်ပေးမည်ဖြစ်သည်။

ဆည်တော်ကြီးရေလျှံမှုမဖြစ်ရေး ရေထွက်ပေါက်များမှ ရေလွှတ်မည်ဖြစ်ကြောင်း သက်ဆိုင်သည့် ကျေးရွာများသို့လည်း ကြေညာထားပြီးဖြစ်ကြောင်းနှင့် နာရီစဉ်အလိုက် ရေအမှတ်များ ရယူဆောင်ရွက်လျက်ရှိသည်။

ဆည်တော်ကြီးရေလှောင်တမံသည် ရေလွှဲဆည်အထက် ၂ ဒသမ ၅ မိုင်ခန့်အကွာတွင် ၁၉၇၆-၁၉၇၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆-၁၉၈၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေဆင်းဧရိယာ ၁၃၂၂ စတုရန်း မိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၃၃၀၀၀၀၊ တမံအမျိုးအစားမှာ မြေသားကွန်ကရစ်ကျောက်ဖြည့်ဖြစ်ပြီး တမံအမြင့် ၁၂၂ ပေ၊ တမံအလျားပေ ၄၀၂၀၊ တမံအမြင့်မှာ RL ၄၃၁ ပေ၊ ရေပြည့်အမှတ် ရေအနက် ၄၁၉ ဒသမ ၅ ပေရှိပြီး ရေတံခါးဦး အရွယ်အစားပေ ၄၀×၃၅ ပေရှိသည့် ရေတံခါးခုနစ်ခုထားရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အဇာဘိုင်ဂျန်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကယ်လီ အယ်လီယေးဗစ်ချ်အာလာဗာဒီယက်ဗ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟာဗီယာ အန်ဒရက်စ် ဘက်ကာ-မာရှယ်လ်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တရုတ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟုန်လျန်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မှန်ကန်သောမဲစာရင်းရရန် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်ခဲ့



**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဟူဂိုဂျော့ ဝီလီယံဆွိုင်းနှင့်အဖွဲ့အား ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မစ္စတာ ဟူဂိုဂျော့ ဝီလီယံဆွိုင်းက မဲစာရင်းအမှားများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် ပြည်သူလူထုမှ မဲပေးနိုင်သည့်အခြေအနေ၊ နိုင်ငံခြားရောက်သူများ မဲပေးနိုင်မှုအခြေအနေ၊ မဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှုရေးနှင့် ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာရေးဆောင်ရွက်ထားမှု၊ မဲဆန္ဒရှင်ပညာပေးဆောင်ရွက်မှုအခြေအနေ၊ တပ်မတော်သားများအတွက် မဲရုံများဖွင့်လှစ်မည့်နေရာနှင့် မဲရုံသို့ကိုယ်တိုင်လာရောက်မဲပေးရန်လို၊ မလို၊ အရန်ရဲ ၂၀၀၀၀ ကျော်ခန့်အပ်ခြင်းက ရွေးကောက်ပွဲလုံခြုံရေးအတွက် လုံလောက်မှု ရှိ၊ မရှိတို့ကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မှန်ကန်သောမဲစာရင်းရရန် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် မဲစာရင်းကြည့်ရှုရန် ကာလကန့်သတ်ချက်အား ဇူလိုင် ၃၀ ရက်ထိ ရွှေ့ဆိုင်းဆောင်ရွက်ခဲ့ကြောင်း၊ မဲဆန္ဒရှင်ပညာပေးအနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတို့မှ သီချင်း၊ ဇာတ်လမ်း၊ ဆောင်းပါးတို့ဖြင့် အသိပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်တွင်းရှိ မဲရုံများသို့ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများဝင်ရောက်ခွင့်ပြုရန်နှင့် ဝင်ခွင့်မပြုနိုင်သော ဧရိယာများတွင် တပ်ပြင်ပ၌ မဲရုံဆောက်ရန် တပ်မတော်နှင့် ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူမှအပ ကိုယ်တိုင်မဲရုံတွင် မဲပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ငန်းစဉ်တစ်ခုခြင်းအလိုက် စီမံချက်များရေးဆွဲဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေကြီးနစ်မြုပ်ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက် အချို့ရထားလမ်းပိုင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့မီးရထား တိုင်း(၂) နယ်မြေရှိ ကံကြီး-ဇော်ချောင်း ဘူတာကြားနှင့် ကောလင်း-ကိုးထောင်ဘို့ အကြား ရေတိုက်စားနစ်မြုပ်ရာနေရာများ၌ ကျောက်ကြီးချခြင်း၊ ဇလီဖားတုံးများ ဖြည့်တင်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တံတားအမှတ် (၂၈၂) အနီး ပေ ၂၀၀ ခန့် ရေတိုက်စားသွားခဲ့သော ရထားလမ်းပိုင်းတွင် ရထားစမ်းသပ်မောင်းနှင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေး-လားရှိုးရထားလမ်း သီပေါ-တာပုလဲလမ်းပိုင်း မိုင်တိုင် (၅၀၉/၁၃-၁၄)ကြားရှိ တံတားအမှတ်(၃၉၁) ရေလယ်တိုင်အမှတ်(၃) တိမ်းစောင်းသွားခြင်းကို ပြန်လည်တည့်မတ်၍ ပေ ၂၀၊ ပေ ၄၀ ဂါဒါများအား Running Rali ဖြင့် ကြိုးချည်ခြင်း၊ ကျောက်ချခြင်း၊ ဇလီဖားတုံးများ ဖြည့်တင်းပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီမှစ၍ သီပေါ-မန္တလေး အမှတ် (၁၃၂) အစုန်ရထားနှင့် တာပုလဲ-လားရှိုး အမှတ်(၁၃၁) အဆန်ရထားများ အချိန်မှန်ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။

ထို့အပြင် ရထားလမ်းပိုင်းများနှင့် တံတားများကို မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ပြုပြင်ဆောင်ရွက်မှုကြောင့် ဘုံချောင်း-မဲဇာဘူတာကြား ရထားလမ်းပိုင်းကို ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီတွင်လည်းကောင်း၊ ပင်ဝ-မော်လူးဘူတာကြားရထားလမ်းပိုင်းကို ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ မော်လူး-နန့်စီးအောင် ရထားလမ်းပိုင်းကို ဇူလိုင် ၂၈ ရက် ညနေ ၆ နာရီတွင်လည်းကောင်း၊ အင်းပက်-မြစ်တော် ဘူတာကြား ရထားလမ်းပိုင်းကို ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင်လည်းကောင်း အသီးသီးပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား တစ်ခုတည်းသော ဗီဇာစနစ်ကျင့်သုံးအကောင်အထည်ဖော်

**နေပြည်တော် ဇူလိုင် ၂၉**

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် (အက်မက်စ်) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟီလ်တန်ဟိုတယ်၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ရက်အထိ နေပြည်တော်တွင် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၀၄ခုနှစ်တွင် စတင်ခဲ့ပြီး ဒေသအတွင်းဖွံ့ဖြိုးမှု ကွာခြားချက်ကျဉ်းမြောင်းစေရန်နှင့် စီးပွားရေးပေါင်းစည်းမှုကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

အလားတူ အက်မက်စ်ပူးပေါင်းဆောင်ရွက်ရေးသည် ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး စတင်ကျင်းပခြင်းနှင့်အတူ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ အက်မက်စ်အဖွဲ့ကြီးကို စတင်ထူထောင်သည့် အဓိကရည်မှန်းချက်များမှာ အိမ်နီးချင်းကောင်း ဖြစ်လာစေရေး၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ပိုမိုအားကောင်းလာစေရေး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း တည်ထောင်မှုနှင့် နောက်ပိုင်းကာလများအတွက် အထောက်အကူပြုရေး၊ အဖွဲ့ဝင်နိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးတို့ဖြစ်ပါကြောင်း၊ မိမိတို့(၅)နိုင်ငံ၏ နယ်စပ်ဒေသများကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဇုန်များအဖြစ် အသွင်ပြောင်းနိုင်ရေး၊ လူမှုရေးဆိုင်ရာ တိုးတက်မှုများရရှိစေရေး၊ ရရှိလာသည့် အကျိုးစီးပွားများ မျှဝေခံစားရေးတို့ကို အဓိကဦးတည် ဆောင်ရွက်ရန်လည်း ဖြစ်ပါကြောင်း။

စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်နိုင်ငံများသည် ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူနေမှုဘဝပုံစံများတွင် အလွန်ဆင်တူမှုရှိပါကြောင်း၊ ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မိမိတို့နိုင်ငံများ၏ ပြည်သူများအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ အမြင့်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန် တူညီသောအမြင်များလည်း ရှိပါကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရှေ့သို့ချီတက်ရမည့် ခြေလှမ်းများအတွက် အဖိုးတန်သော အခွင့်အလမ်းများ လက်ဝယ်ရရှိနေပြီဖြစ်ပါကြောင်း၊ (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေးတွင် ထုတ်ပြန်သည့် နေပြည်တော်ကြေညာချက်အတိုင်း နိုင်ငံ့ခေါင်းဆောင်များသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အစီအစဉ် ၂၀၁၆-၂၀၁၈ကို အတည်ပြုခဲ့ကြပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ အကျိုးစီးပွားအတွက် တစ်ဦးချင်းဖြင့် လည်းကောင်း၊ နှစ်နိုင်ငံချင်းဖြင့်လည်းကောင်း၊ စုရုံးပေါင်းစည်း၍ သော်လည်းကောင်း စွမ်းအားများကို နှစ်ဆစိုက်ထုတ်၍ ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော်သွားကြရန် သဘောတူခဲ့ကြပါကြောင်း။

အက်မက်စ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ရေး အထူးဦးစားပေးကဏ္ဍ (၈)ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော ခရီးသွားလုပ်ငန်းဆိုင်ရာ ကနဦး ဆောင်ရွက်မှုများဖြစ်သည့် အက်မက်စ်နိုင်ငံများအကြား နိုင်ငံဖြတ်ကျော် ခရီးသွားလာမှု မြှင့်တင်ရေး၊ အဖွဲ့ဝင်(၅)နိုင်ငံကို တစ်ခုတည်းသောခရီးစဉ်ဒေသအဖြစ် ဖော်ဆောင်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေး၊ အထူးသဖြင့် ဗီဇာနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ရေးကဲ့သို့ ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အပံ့များမြှင့်တင်ပေးရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေကြသူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ပေးရေး၊ အက်မက်စ်ဒေသအတွင်း သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော တာဝန်သိ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေးတို့ကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုအရ ခရီးသွားလုပ်ငန်း ဆက်စပ်လုပ်ငန်းစဉ်အချို့ဖြစ်သည့် ပုဂံ- ချင်းမိုင်-လောင်ပရာဘန်- ဗီယင်ကျန်း-ဆီယမ်ရိ- **ပျော့ခရီးသွားစကြံ**သစ်များဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း၊ ဒေသခွဲအတွင်း ပေါင်းစည်းဆက်သွယ်မှုမြှင့်တင်ရေး၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသည်များ ဘေးကင်းလုံခြုံရေးနှင့် ခရီးစဉ်ဒေသများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးတို့ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား **တစ်ခုတည်းသော ဗီဇာစနစ်**ကျင့်သုံးအကောင်အထည်ဖော်ရေးသည် အထူးအာရုံစိုက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများနှင့် ခရီးဝေးဈေးကွက်များမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိရေးကို များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသခွဲ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ တာဝန်သိ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကတိကဝတ်ပြုမှုများအတွက် စီအယ်လ်အမ်ဗွီနှင့်အက်မက်စ် ခရီးသွားလုပ်ငန်းဝန်ကြီးများကို ဝမ်းမြောက်ဂုဏ်ပြုကြောင်း၊ တစ်ဆက်တည်းမှာ မိမိတို့အချင်းချင်းသည် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ကမ္ဘာ့အချိတ်အဆက်များနှင့်လည်းကောင်း ပူးပေါင်းဆက်သွယ်ဆောင်ရွက်မှု တိုးမြှင့်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုနေပြည်တော်၌ ပြုလုပ်သည့် နှစ်ရက်တာ အစည်းအဝေးများမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးဆုံးဖြတ်ချက်များနှင့်ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် (အက်မက်စ်)ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ဟိုတယ်အေစီအီးရာမညခန်းမ၌ ဆက်လက်ကျင်းပရာ(၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးမှထုတ်ပြန်သည့် နေပြည်တော်ကြေညာချက်၊ အက်မက်စ်အဖွဲ့ဝင် နိုင်ငံများဆိုင်ရာခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက် (၂၀၁၃-၂၀၁၅) ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၁၈)အပေါ် ဆွေးနွေးခြင်းနှင့် အဆိုပါ လုပ်ငန်းစီမံချက်ပါ ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တတိယအကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် ဒုတိယအကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

# အားကောင်းသောမုန်တိုင်းငယ် လိမ္မော်ရောင်အဆင့်ရှိ

နေပြည်တော် ဇူလိုင် ၂၉

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ည ၆နာရီခွဲအချိန်တိုင်းတာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ အနောက်-အနောက်မြောက်ဘက် ၃၅ မိုင်ခန့်၊ စစ်တကောင်းမြို့၏ အနောက်တောင်ဘက် ၅၅ မိုင်ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏အနောက်မြောက်ဘက် မိုင်၇၀ ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက် ၁၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင် ကို ဗဟိုပြုနေပါသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ လိမ္မော်ရောင်အဆင့်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေဒေသသို့ ဦးတည်၍ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်းစွန်းဒေသအနီးမှ ရွေ့လျားနေသည့် အခြေအနေဖြစ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၂၁ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၁ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းဖြစ်သည်။

**နောက် (၃၆)နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ယနေ့ညနေမှ နောက် ၃၆ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေဒေသကို စစ်တကောင်းမြို့အနီးမှ ဖြတ် ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အားကောင်းသော မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသသို့ ဖြတ်ကျော်စဉ် မောင်တောခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ ၆၀ အထိနှင့် စစ်တွေခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသော မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသသို့ ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ မောင်တောခရိုင် ကမ်းခြေဒေသတွင် ရှစ်ပေမှ ၁၀ ပေခန့်အထိနှင့် စစ်တွေခရိုင် ကမ်းခြေဒေသတွင် ခြောက်ပေမှ ရှစ်ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုင်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် အထူးသတိပြုရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ကလေးဝမြို့၌ စိုးရိမ်ရေမှတ်ကျော်

**နေပြည်တော် ဇူလိုင် ၂၉**

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ (တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆိပ်သာမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉၄ စင်တီမီတာ (သုံးပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကိုကိုနိုင်နှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏လုပ်ငန်းများတွင် လွှတ်တော်အပိုင်းက ပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အာရှလူမှုအဖွဲ့အစည်းဆိုင်ရာမူဝါဒအဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျဝန်ကြီးချုပ်ဟောင်း နယူးယောက်မြို့ အခြေစိုက် အာရှလူမှုအဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖွဲ့ဥက္ကဋ္ဌ Mr. Kevin Rudd ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ အားနည်းချက်များ ရှိနေ

**ရီရီမြင့်၊ ဉမ္မာသန့်**

ရန်ကုန် ဇူလိုင် ၂၉

**ယနေ့ မြန်မာပြည်အနှံ့အပြား၌ ဖြစ်ပေါ်နေသော ရေကြီးမှုများ၊ လေပြင်းတိုက်ခတ်မှုများ စသည့် သဘာဝဘေးအန္တရာယ်များနှင့် ဘင်္ဂလားပင်လယ်အော်၌ လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**

**မေး။ ။ဘင်္ဂလားပင်လယ်အော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ မုန်တိုင်းနဲ့ပတ်သက်ပြီး အခြေအနေလေး သိပါရစေ။**

ဖြေ။ ။ဒီမုန်တိုင်းက လောလောဆယ် ဘင်္ဂလားဒေ့ရှ်ကမ်းခြေမှာ ကုန်းတစ်ဝက်၊ ရေတစ်ဝက် အနေအထားရှိနေဆဲပဲ။ မုန်တိုင်းသတင်းကြေညာတာ ဒီနေ့ဆိုရင် နှစ်ရက်နီးပါးရှိသွားပြီ။ ရွှေ့လည်းမရွှေ့ဘူး။ မရွှေ့တာ တစ်ရက်ရှိနေပြီ။ အစပိုင်းက ကုန်းပေါ်မှာရှိတယ်။ ကုန်းပေါ်ကနေ ကမ်းဘက်ကို ဆင်းလာတယ်။ ကမ်းတစ်ဝက်၊ ရေတစ်ဝက်ရောက်တော့ မုန်တိုင်းဖြစ်သွားတယ်။ ဖြစ်သွားပြီးတဲ့နောက် ဘင်္ဂလားဒေ့ရှ်တောင်ဘက်ကမ်းပေါ်မှာ ကုန်းတစ်ဝက်၊ ရေတစ်ဝက်နဲ့ပဲရှိနေတယ်။ ရွေ့လျားမှုမရှိဘူး။ ပိုမိုအားကောင်းလာတာလည်း မရှိဘူး။ မုန်တိုင်းက မြန်မာပြည်အနေနဲ့ အနီးဆုံးရှိတာ မောင်တော၊ အဲဒီကနေ ခန့်မှန်းချက်အရ လက်ရှိနေရာကနေ ကုန်းပေါ်ကို ပြန်ရွှေ့မယ်၊ မြောက်ဘက်ကို ပြန်ရွှေ့မယ်။ အနောက်ဘက်ကိုစရွှေ့မယ်။ ဇူလိုင်လကုန် ၃၁ ရက်ကစပြီး အိန္ဒိယနိုင်ငံရဲ့ အရှေ့မြောက်ဘက်ကမ်းကိုဖြတ်ပြီး ကုန်းတွင်းပိုင်းကိုဝင်သွားမယ်လို့ ခန့်မှန်းထားတယ်။ ခန့်မှန်းထားတဲ့အတိုင်း မြန်မာပြည်အနေနဲ့ မုန်တိုင်းအန္တရာယ်ဝင်ဖို့၊ ဖြတ်ဖို့မရှိဘူး။ ဒါပေမယ့် ရှိတဲ့ပြဿနာက မုန်တိုင်းက ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ သိပ်နီးနေတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းအပါအဝင် ဒေသအတော်များများမှာ မုန်တိုင်းရဲ့အရှိန်ကြောင့် မိုးကြီးတာတွေ၊ လေပြင်းတိုက်တာတွေ၊ ပင်လယ်မှာ လှိုင်းကြီးတာတွေ ဖြစ်နိုင်တယ်။

**မေး။ ။မုန်တိုင်းရဲ့အရှိန်ကြောင့် အကျိုးဆက် ဘာတွေဆက်ဖြစ်လာနိုင်မလဲ။**

ဖြေ။ ။မုန်တိုင်းရဲ့အရှိန်ကြောင့် မိုးပိုလာနိုင်တဲ့ အခြေအနေရှိတယ်။ လောလောဆယ် မိုးကလည်း ကောင်းသလို ရေတွေကလည်း တော်တော်ကြီးနေတယ်။ ရေကြီးတဲ့အခြေအနေကို နောက်ဆုံးဂြိုဟ်တုမှာကြည့်တဲ့အခါ ရခိုင်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ မွန် တစ်နိုင်ငံလုံးနီးပါးလောက်ပဲ။ မိုးများများရွာနိုင်တာကတော့ ချင်း၊ ရခိုင်၊ မကွေးတိုင်းဒေသကြီး အနောက်ပိုင်း၊ အသင့်တင့်ရွာနိုင်တာကတော့ မြစ်ဝကျွန်းပေါ်၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန် ပါမယ်။ အလယ်ပိုင်းဒေသလည်း မိုးများဖို့ရှိတယ်။ အဲ့ဒါစစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနဲ့ မန္တလေးတိုင်းဒေသကြီး။

**မေး။ ။လက်ရှိဖြစ်ပေါ်နေတဲ့ ရေကြီးမှုအခြေအနေတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။နောက်ပိုင်းမိုး ပိုလာပြီး ရေလိုက်လာရင် ရေပတ်လည်ဝိုင်းသွားမယ်။ မြန်မာပြည်အပေါ်ပိုင်းကတော့ ရေကြီးတာက ဖြစ်လိုက်၊ ကျလိုက်နဲ့မြန်တယ်၊ ကြာမှာက မြစ်ဝကျွန်းပေါ်ဒေသတွေ။ မြစ်ဝကျွန်းပေါ်က သူ့ဟာသူလည်း မိုးကကောင်းနေတယ်။ ရေကလည်း သူ့နေရာနဲ့သူ ဖုံးနေတယ်။ မြန်မာပြည်အပေါ်ပိုင်းက မိုးကောင်းပြီးရေကြီးတဲ့အခါ ဒီရေတွေက ဧရာဝတီမြစ်ကနေ မြစ်ဝကျွန်းပေါ်တွေကို ရောက်လာမယ်။ အဲဒီအခါ ရေကြီးမှုကလက်ရှိအနေအထားထက် ပိုဆိုးသွားနိုင်တယ်။ အဲဒီ စိုးရိမ်စရာတစ်ခုတော့ ရှိတယ်။ ဒီကြားထဲ အရှေ့ဘက် တောင်တရုတ်ပင်လယ်ဘက်က သဲပွင့်မုန်တိုင်းတစ်ခု ဗီယက်နမ်ကိုဖြတ်ပြီး ဒီဘက်ကို လာဖို့ကြံမယ်။ ဘင်္ဂလားပင်လယ်အော်မှာလည်း မုတ်သုံက အားကောင်းနေမယ်။ အဲဒါတွေတိုက်တိုက်ဆိုင်ဆိုင်ဖြစ်ရင်တော့ ၂၀၁၄ ခုနှစ်ကဖြစ်သလို ရှိတဲ့စခန်းတွေအားလုံး၊ မြစ်ကြောင်းကမ်းခြေတွေအားလုံး စိုးရိမ်ရေအမှတ်ကို ကျော်သွားနိုင်တယ်။ အဲဒါမျိုးတွေ ဖြစ်နိုင်တဲ့အတွက် သတိထားဖို့တော့လိုတယ်။ ဒီနှစ်က ရေနှစ်လို့လည်း ပြောလို့ရတယ်။ ထူးထူးခြားခြား မိုးကလည်း တအားကောင်းနေတာကိုး။



**မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်။**

**မေး။ ။ဆရာ့အနေနဲ့ ပြည်သူတွေကို မိုးလေဝသနဲ့ ပတ်သက်ပြီး ဘယ်လိုအကြံပြု ပြောကြားချင်ပါသလဲ။**

ဖြေ။ ။ပြည်သူတွေကို ပြောချင်တာကတော့ နံပါတ်(၁) အရေးကြီးဆုံးက ဒီနှစ်စက်တင်ဘာလအထိ မိုးကောင်းနိုင်တယ်။ လက်ရှိလည်း မိုးကောင်းနေတယ်။ ရေကြီးနေတယ်။ နောက်ပိုင်းမှာ မိုးပိုကောင်းလာနိုင်တဲ့ အကြောင်းရှိတယ်။ စက်တင်ဘာလကုန်အထိ ရွာသွန်းမြဲထက်မိုးပိုနိုင်တယ်လို့ အမေရိကန်နိုင်ငံက ခန့်မှန်းထားတယ်။ နံပါတ်(၂)အချက်က မြန်မာနိုင်ငံမှာ ရေကြီးတဲ့ကာလ သုံးကြိမ်ရှိတယ်။ ပထမအကြိမ်က ဇွန်လမှာကြီးတယ်။ ဒုတိယအကြိမ်က ဇူလိုင်နဲ့ ဩဂုတ်လ၊ တတိယအကြိမ်က စက်တင်ဘာနဲ့ အောက်တိုဘာလမှာ။ တစ်နှစ်မှာသုံးကြိမ်ရှိနေတော့ ဇွန်လမှာက ရေကြီးပြီးသွားပြီ။ ဇူလိုင်နဲ့ ဩဂုတ်လက လက်ရှိဖြစ်နေတယ်။ စက်တင်ဘာနဲ့ အောက်တိုဘာလမှာလည်း ရေကြီးဖို့အခြေအနေရှိနေသေးတယ်။ နောက်တစ်ခုက ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေက အခုဖြစ်နေတဲ့ တစ်လုံးပဲဖြစ်သေးတယ်။ ဒါတောင် ကုန်းတစ်ဝက်၊ ရေတစ်ဝက်နဲ့ ပီပီပြင်ပြင်မဖြစ်ဘူး။ ဘာပဲပြောပြော နောက်ပိုင်းမှာ စက်တင်ဘာလကစပြီး မုန်တိုင်းဖြစ်ဖို့ အလားအလာက အနည်းဆုံး ၃၊ ၄ လုံးရှိတယ်။ အဲဒီမုန်တိုင်းတွေ ရှိလာရင် မိုးကလာဦးမယ်။ မိုးလာရင် ရေကြီးတဲ့အခြေအနေက ပိုဆိုးလာနိုင်တယ်။

နောက်တစ်ခုက အရှေ့ဘက်က လာမယ့် လေပူလှိုင်းက အခုထက်ထိ တစ်ခုမှမလာသေးဘူး။ နောက်ပိုင်းမှာ မိုးနှောင်း မိုးလွန်ကျရင် များသောအားဖြင့် လာတော့မယ်။ အဲဒါတွေလာရင်လည်း မိုးကရွာနိုင်တယ်။ အဲဒီဘက်က လေပူလှိုင်းတွေ အရှေ့ဘက်ကလာရင် မိုးက တစ်ပတ် ၁၀ ရက်မတိတ်တော့ဘူး။ အဲဒီတော့ ရေကြီးမှုနဲ့ပတ်သက်ပြီး ရေကိုသတိထားဖို့ ပြည်နယ်၊ တိုင်းဒေသကြီး ငါးခုမှာ အမြဲဖြစ်တတ်တယ်။ အဲဒီဒေသတွေကတော့ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန်၊ ကရင် အဲဒီဒေသတွေ သတိထားပါ။ ရေကြီးတာတင် တစ်ခုတည်းမဟုတ်ဘဲ နေရာဒေသကိုလိုက်ပြီး လေပြင်းတိုက်တာတို့၊ မြေပြိုတာတို့၊ အိမ်ပြိုတာတို့ ကြုံရတတ်တယ်။ အဲဒါတွေကိုလည်း သတိထားရမယ်။ သတိဝီရိယနဲ့ ဂရုစိုက်ကာကွယ်ကြဖို့ ပြောချင်ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုတွေ ဆောင်ရွက်တဲ့အပေါ် ဆရာ့အမြင်လေးသိပါရစေ။**

ဖြေ။ ။အခုအချိန်ထိ ရေကြီးတာနဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုတွေမှာ အားနည်းချက်တွေရှိတယ်။ အဲဒါက ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုအပိုင်းတွေမှာ ဒေသတာဝန်ခံတွေက လိုအပ်တဲ့ကြိုတင်ကာကွယ်မှုတွေကို လုပ်စေချင်တယ်။ နာဂစ်ဖြစ်ပြီးကတည်းက အစိုးရရဲ့ ဦးဆောင်မှုနဲ့ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေအားလုံးမှာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက်တွေဆောင်ရွက်ဖို့ ရေးဆွဲထားပြီးသား။ အဲဒီအထဲမှာလည်း ပါပြီးသား။ ဘာပြီးရင် ဘာလုပ်ရမလဲဆိုတာ အဲဒီနေရာတွေမှာ အားနည်းနေတာတွေကို တွေ့ရတယ်။ စီမံချက်ထဲကအတိုင်း ဂရုစိုက်ပြီးလက်တွေ့အသုံးချစေချင်တယ်။ အဓိကပြောချင်တာကတော့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လာရင်ကြိုတင်ကာကွယ်မှုတွေလုပ်ဖို့၊ တပ်လှန့်နိုးဆော်ဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ပါတယ်။**

ပြည်တွင်းရေးရာ

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ပင်လယ်ရေကြောင်း လုံခြုံရေးဆောင်ရွက်မှုအား ကြည့်ရှုလေ့လာ

နေပြည်တော်　　ဇူလိုင်　　၂၉

**အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ဇူလိုင် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ တွင် အိန္ဒိယတပ်မတော်လေယာဉ်များဖြင့် ပူနေးလေဆိပ်မှ ထွက်ခွာခဲ့ရာ နယူးဒေလီလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရောက်ရှိပြီး အိန္ဒိယတပ်မတော်လေမှ Air Vice Marshal Shouvik Roy နှင့်ဇနီး၊ တာဝန်ရှိသူများက ရင်းနှီးစွာကြိုဆိုသည်။**





ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Delhi Cantoment ရှိ Army Base Workshop သို့ ရောက်ရှိကြပြီး Conference hall တွင် Army Base Workshop နှင့် ပတ်သက်သည့် သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် စွမ်းဆောင်နိုင်ရည်များကို တာဝန်ရှိသူတစ်ဦးက ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သိရှိလိုသည့်အချက်များကို မေးမြန်းပြီးနောက် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Army Base Workshop အတွင်းလှည့်လည်ကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Information Management and Analysis Centre - IMAC Gurgaon သို့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး IMAC Gurgaon မှ Deputy Chief of Naval Staff Vice Admiral R K Pattanaik နှင့် အဖွဲ့ဝင်များက ကြိုဆိုသည်။

ဆက်လက်၍ Simulation ခန်းမတွင် ပင်လယ်ရေကြောင်းလုံခြုံရေးဆောင်ရွက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး**(အပေါ်ပုံ)** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကာ Simulation နှင့် System ဆိုင်ရာများအား ကြည့်ရှုလေ့လာ၍ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိသည်။

ထို့နောက် Taj Palace ဟိုတယ် Oval Room တွင် Unique Identification Authority of Function မှ ရှင်းလင်းပြသသော Biometric System Presentation အား ကြည့်ရှုလေ့လာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် Taj Palace ဟိုတယ်၌ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့်ဇနီး၊ စစ်သံရုံးမှ စစ်သည်မိသားစုဝင်များ၊ သင်တန်းသားများအားလည်းကောင်း၊ ညနေပိုင်းတွင် သံရုံးဧည့်ခန်း၌ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များအားလည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကား ပြောကြားသည်။ **(မြဝတီ)**

ဓာတ်ပုံသတင်း



ကမ်းနားလမ်းပေါ်တွင် မိုးရွာသွန်းသည့်အချိန်များ၌ လမ်းစည်းကမ်းမလိုက်နာသည့် ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ရသည်ကို တွေ့ရစဉ်။ [ဓာတ်ပုံ - ဇေယျာဝင်း]

# ဒါရိုက်တာမင်းအုပ်စိုးအား မတေးနုယဉ် သတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

ရန်ကုန်　　ဇူလိုင်　　၂၉

**သရုပ်ဆောင်မင်းသမီး ကမ္ဘာ့ကိုသိမ်းပိုက်ခဲ့သူ မတေးနုယဉ်ကို သတ်မှုဖြင့် ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာမင်းအုပ်စိုး အား ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွဲဖက်ခရိုင်တရားသူကြီး (၃)ရုံးက ယနေ့ အမိန့်ချမှတ်လိုက်သည်။**

အမှုမှာ ၂၅-၁၂-၂၀၁၄ ရက်နေ့က မင်းအုပ်စိုး (၄၄)နှစ် (ဘ)ဦးအောင်ကြည်သည် အမှတ်(၅၁/D) ဖိုးစိန်လမ်း ဗဟန်းမြို့နယ်တွင် မတေးနုယဉ်အား လူမှုရေးကိစ္စဖြင့် အချင်းများပြီး လက်သီးနှင့်ထိုးကြိတ်ရာမှ လက်လွန်သွားသည်ဟုဆိုကာ ဗဟန်းရဲစခန်းတွင် ကိုယ်တိုင်လာရောက် အဖမ်းခံရာမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် ဗဟန်းမြို့မရဲစခန်းတွင် စစ်ဆေးပြီး အနောက်ပိုင်းခရိုင်တရားရုံးသို့တင်ပို့ရာ ရုံးချိန်း ၂၇ ကြိမ်မြောက်တွင် အပြီးသတ်အမိန့်ချမှတ်ခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခြင်းဖြစ်သည်ဟု သိရသည်။

အငြိမ်းစားတရားသူကြီးတစ်ဦးက "၃၀၂(၂)ဆိုတာ လူတစ်ယောက်ကို မသေမချင်းသတ်တာ။ ဒါပေမယ့် အယူခံခွင့်တော့ တရားခံဘက်မှာ ကျန်သေးတယ်။ ရက်ပေါင်း ၃၀ အတွင်း အယူခံခွင့်ရှိတယ်။ တစ်သက်တစ်ကျွန်းဆိုတာ ထောင်ဒဏ် အနှစ်(၂၀)နဲ့ ညီမျှတယ်" ဟု ပြောသည်။

ဒီမိုကရေစီလှုပ်ရှားတက်ကြွသူတစ်ဦးက "ကျွန်တော်တို့ ထင်ထားတာ (၁၀)နှစ်လောက်ပဲ။ ခုတော့ တစ်သက်တစ်ကျွန်းဆိုတော့ တရားစီရင်ရေးကို လွတ်လပ်စွာစီရင်ပိုင်ခွင့်ပေးထားလို့နေမှာပါ"ဟု ပြောသည်။ အဆိုပါအမှုသည် မြန်မာပြည်သူများ အထူးစိတ်ဝင်စားနေသော အမှုတစ်ခုလည်းဖြစ်ပြီး အနောက်ပိုင်းခရိုင် တရားရုံးက ပြစ်မှုကြီးအမှု အမှတ် (၇/၁၅) ဖြင့် လက်ခံကြားနာစစ်ဆေးကာ ခုနစ်လအကြာတွင် အမှုအား အမိန့်ချမှတ်နိုင်ကြောင်း သိရသည်။ **အောင်မင်း(ဒလ)**

# သတင်းကြေညာချက်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတု ဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၉-၄-၂၀၁၅) ရက်နေ့စွဲပါ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင်(ANDREW BAY)မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄. ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ . ၃၀ မိနစ်၊ အရှေ့လောင် ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

၂။ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူခြင်းခံရမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်း၊ တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၃၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၂. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၇. ၂၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၄၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၆၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၅. ၄၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၅၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၁၅' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၅၀' |
| ၁၀။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၁. ၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၂၀' |
| ၁၂။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၁. ၂၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၆၀' |
| ၁၄။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၇၀' |
| ၁၅။ | မဒင်းရေလှောင်တမံ | ၂၆၁၈၆ | ၀. ၅၀' |
| ၁၆။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၃၀' |
| ၁၇။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၁၈။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၉၅' |
| ၁၉။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၂၀' |
| ၂၀။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၁. ၅၅' |
| ၂၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၈. ၂၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၄. ၂၀' |
| ၂၃။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၆. ၁၀' |
| ၂၄။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၇၀' |
| ၂၅။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၂. ၁၀' |
| ၂၆။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၂၇။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၅. ၃၀' |
| ၂၈။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၅၀' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၁၀' |
| ၃၁။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၄၀' |
| ၃၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃. ၉၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၆. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၅၀' |
| ၂။ | မုံးချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၀ | ၁. ၀၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၀၄၂၄ | ၂၇. ၇၀' |
| ၄။ | မြို့လှ(တပ်ကုန်း) ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းရေလှောင်တမံ | ၇၃၀၀၀ | ၁၇၂၅၀ | ၂၉. ၂၅' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၄၉၃၄၆၇ | ၁၄. ၂၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၃၉၅၄၇ | ၁၁. ၃၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၅ | ၆. ၆၃' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၃၅၂၈ | ၁၀. ၄၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၀၄၉ | ၇. ၄၇' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၃၉၄ | ၂၂. ၅၅' |
| ၁၂။ | ဖောင်းလောင် ရေလှောင်တမံ | ၁၂၂၅၇ | ၈၇၉၆ | ၅. ၇၀' |
| ၁၃။ | လွိုင်နန်ဖရေထိန်းတမံ | ၁၅၀၈ | ၇၁၄ | ၁၂. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၈၇၄၅၁၈ | ၀. ၀၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၂၃၆၇၅ | ၃၉. ၂၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၆၂၇၁၈ | ၁၇. ၆၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၂၄၉၀၆ | ၂၇. ၂၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၄၅၆၀ | ၁၃. ၆၀' |
| ၁၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၈၂၉၇၉ | ၃၇. ၇၀' |
| ၂၀။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၃၂၉၀ | ၅. ၆၀' |
| ၂၁။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၇၆၀၀၀ | ၉၂. ၅၀' |
| ၂၂။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၅၃၁၇၅ | ၂. ၇၀' |
| ၂၃။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၆၂၇၀ | ၆၁. ၃၀' |
| ၂၄။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၆၉၃၁၄ | ၁. ၆၀' |

(သတင်းစဉ်)

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၂ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးတို့ တင်သွင်းခဲ့ပါသည်။ ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၇၀၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၂၉ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၀နှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး စုစုပေါင်း ၂၂၅ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၂၃ ပါတီနှင့် တစ်သီးပုဂ္ဂလ ၂၇ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်းသိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www. uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး သီးနှံများထိခိုက်ပျက်စီးခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများထိခိုက်ပျက်စီးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နစ်မြုပ်ဧက | ပြန်ပေါ်ဧက | ထိခိုက်ဧက | ပျက်စီးဧက |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | | |
| ၂။ | ကချင်ပြည်နယ် | ၂၃၆၁၅ | ၂၃၆၀၇ | ၈၂၅၉ | ၃၅၂၉ |
| ၃။ | ကရင်ပြည်နယ် | ၃၇၄ | | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၉၉၅၈ | ၆၉၉၆၉ | ၄၉၇၇၇ | ၁၈၃၁၇ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၇၁၃၇၇ | ၁၃၂၇ | ၁၃၂၇ | ၇၄၆ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၁၀၂၂ | ၁၀၂၂ | ၁၀၂၂ | |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၅၅၃ | ၆၀ | ၃ |
| ၈။ | မွန်ပြည်နယ် | ၈၀၀ | | | |
| ၉။ | ရခိုင်ပြည်နယ် | ၂၄၂၃၅ | ၂၉၁၅ | ၂၁၇၁ | ၁၄၄၀ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၅၉၄ | ၈၄၉ | | |
| ၁၁။ | ရှမ်းပြည်နယ် | ၁၃၀၉၆ | ၅၀၈၄ | ၆၄၁ | ၆၇ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၀၉၁ | | | |
| စုစုပေါင်း | | ၃၁၄၅၄၃ | ၁၀၅၃၄၉ | ၆၃၂၅၇ | ၂၄၁၀၂ |

(သတင်းစဉ်)

●ကုန်းလမ်းပို့ဆောင်ရေးမှ

ခုဆို ခရီးသည်များ လုံးဝမရှိတော့သလောက်ဖြစ်နေပါပြီ။ ဒီပုသိမ်ခရီးစဉ်ဆို ပုဂ္ဂလိက ရေယာဉ်လိုင်းလည်း မပြေးဆွဲနိုင်ဘူး။ ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကလည်းမပြေးဆွဲနိုင်တော့ပါဘူး။ခရီးသည်တွေက အဝေးပြေးကားတွေကိုသာ ပိုမိုအသုံးပြုစီးနေကြပါတယ်။ ကုန်းလမ်းကကျတော့ ရန်ကုန်-ပုသိမ်လမ်းကို လေးနာရီပဲကြာတာလေ။နေ့ချင်းလည်းပြန်လို့ရတာပေ့ါ။ ဒါကြောင့် ရေယာဉ်စီးခရီးသည် လျော့နည်းလာရတာပါ” ဟုရှင်းပြသည်။

အဆိုပါ ရန်ကုန်-ပုသိမ်ခရီးလမ်းကို စီးနင်းသူဦးရေလွန်စွာနည်းပါးလာခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်က ရပ်နားခဲ့ရခြင်းဖြစ်ပြီး မန္တလေးအခြေပြုပြေးဆွဲလျက်ရှိသော ဧရာဝတီဌာနခွဲ၊ ရခိုင်ပြည်နယ်တွင် ရခိုင်ဌာနခွဲ၊ သံလွင်ဌာနခွဲ၊ ရန်ကုန်အခြေပြု မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ ချင်းတွင်းဌာနခွဲတို့ဖြင့် ဌာနခွဲ ငါးခုရှိနေကြောင်းနှင့် ရန်ကုန်အခြေပြု မြစ်ဝကျွန်းပေါ်ဌာနခွဲတွင် ရန်ကုန်-မော်ကျွန်း ၊ရန်ကုန်-ဖျာပုံ၊ ရန်ကုန်-ကျုံမငေး၊ရန်ကုန်-မြောင်းမြ၊ရန်ကုန်-လပွတ္တာ၊ရန်ကုန်-ကြာကန်တို့ဖြင့် ရေယာဉ်ခရီးစဉ်များကို သတ်မှတ်ရက်အလိုက်လက်ရှိ ပြေးဆွဲလျက်ရှိသည်။

“မိုးတွင်းကာလခရီးသည်နည်းသွားတယ်ဆိုပေမယ့်ပုံမှန်ပြောလို့မရပါဘူး။ ပွင့်လင်းရာသီဆိုလည်းခရီးသည်က များတတ်ပါတယ်။ ဒါပေမယ့် ဟိုတုန်းကထက်စာရင်ခရီးသည်စီးနင်းသူဦးရေ လွန်စွာလျော့နည်းခဲ့ပါတယ်။ တံတားတွေထိုး၊ကားလမ်းတွေကောင်းလာတဲ့အခါမှာ ခရီးသည်များစတင်လျော့နည်းခဲ့တာပါ။ ဒီလိုရေယာဉ်စီးခရီးသည်တွေလျော့နည်းလာရတာကလည်း ဧရာဝတီတိုင်းဒေသကြီးရဲ့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာတာကိုပြလိုက်တာပါပဲ။ လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့အဝေးပြေးကားတွေခေါက်ရေများလာတယ်။ အဲဒီတော့ အဝေးပြေးကားစီးတဲ့ ခရီးသည်ပိုများလာရတာပါ”ဟုဆိုသည်။

အဆိုပါ ရန်ကုန်အခြေပြု မြစ်ဝကျွန်းပေါ်ဌာနခွဲမှာ ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် စတင်လည်ပတ်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ရေယာဉ်စီးခရီးသည်များအတွက် ဝန်ဆောင်မှုအပိုင်းများကိုလည်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (DMA)၏မူအရ ခရီးသည်များအန္တရာယ်ကင်းရှင်းရေးအတွက် သင်္ဘောတစ်စင်းအတွင်းထားရှိရမည့် အသက်ကယ်ဝတ်စုံပစ္စည်းများ ပြည့်စုံစွာ စီမံဆောင်ရွက်ထားရှိပေးထားသည့်အပြင် နောက်ထပ်ငါးရာခိုင်နှုန်းအပိုဆောင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ကော်ပိုရေးရှင်းအသွင်ပြောင်းလဲဆောင်ရွက်သွားရန်ရှိကြောင်းနှင့် ရန်ကုန်အခြေပြု မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ်သန်းပေါင်း ၂၇၆၇ သန်းရရှိခဲ့ပြီး လက်ရှိ ရန်ကုန်အခြေပြု မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ရေယာဉ်ခရီးလမ်းနှင့် ခရီးသည်ကူးတို့ လမ်းများတွင် သင်္ဘောစင်းရေ ၃၀ ဖြင့် ပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်အခြေပြု မြစ်ဝကျွန်းပေါ်ဌာနခွဲမှသိရသည်။

**စိုးဝင်း(MLA)**

# ကော့သောင်းကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြင့်တက်လာစေရန်ဆောင်ရွက်မည်

**ကော့သောင်း ဇူလိုင် ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်ရေးစခန်း(ကော့သောင်း)၏ ကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ကုန်သည်ကြီးများအသင်း အစည်းဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်ရေးစခန်း(ကော့သောင်း) စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနန္ဒက ကော့သောင်းနယ်စပ်ကုန်သွယ်မှု လုပ်ငန်းအခြေအနေများအား ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာကြသည့် ကုန်သွယ်မှုလုပ်ငန်းများနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများအား ဆွေးနွေးကြသည်။

ယင်းနောက် ကော့သောင်းမြို့နယ် ကုန်သည်ကြီးများအသင်း၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် လုပ်ငန်းအကြံဉာဏ်များ၊ ဒေသအခြေအနေနှင့် အခက်အခဲများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ကုန်သွယ်မှုလျာထားချက်အဖြစ် ပို့ကုန်ကန်ဒေါ်လာ ၂ ဒသမ ၇ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၄ ဒသမ ၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၇ ဒသမ ၇ သန်း လျာထားခြင်းဖြစ်ရာ ဆောင်ရွက်နိုင်မှုအဖြစ် ပို့ကုန်ဒေါ်လာ ၁ ဒသမ ၇ သန်း၊ သွင်းကုန်ဒေါ်လာ ၅ ဒသမ ၁၃၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၆ ဒသမ ၉၁၆ သန်းဖြစ်ရာ သွင်းကုန်ပမာဏလျာထားချက်ပြည့်မီသော်လည်း ပို့ကုန်လုပ်ငန်းတချို့ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်ဆောင်ရွက်နေမှုများကြောင့် ပို့ကုန်လျာထားချက်ပြည့်မီရန်လိုအပ်လျက်ရှိရာ ဒေသအတွင်း တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေး၊ စားသုံးသူများအား အကာအကွယ်ပေးရေး၊ နိုင်ငံတော်အတွက် ရသင့်သည့်အခွန်အခများ အပြည့်အဝရရှိစေရေးနှင့် ကုန်သွယ်မှုမြင့်တက်လာရေးရည်ရွယ်ချက်ဖြင့် နိုင်ငံတော်မှ Mobile Team အဖွဲ့အား ဖွဲ့စည်းတာဝန်ပေးပြီး ဇွန်လနှင့် ဇူလိုင်လအတွင်း ပညာပေးကာလများအဖြစ် သတ်မှတ်ပညာပေးခဲ့ပြီးဖြစ်ရာ ယခုလာမည့် ဩဂုတ်လမှ စတင်၍ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများအား ကြပ်မတ်စိစစ်ဖော်ထုတ်အရေးယူကာ ကော့သောင်းနယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ မြင့်တက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**❐ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ**

အဆိုပါ စစ်ရေယာဉ်သည် မြန်မာနိုင်ငံတွင် ယနေ့မှ ဇူလိုင် ၃၁ ရက်အထိ ၃ ရက်ကြာ နေထိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ မိတ်ဖက်နိုင်ငံများမှ စစ်ရေယာဉ်များ မကြာခဏ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**❍ ကျောဖုံးမှ**

အသုံးပြုလျက်ရှိသော လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တွင်ကျယ်စွာ အများအပြား အသုံးပြုလာသော်လည်း စိုက်ပျိုးရာတွင် စက်ကိရိယာအသုံးပြုခြင်းနည်းပါးနေသေးပြီး တောင်သူများ ကြုံတွေ့နေရသော ကောက်စိုက်သမ အခက်အခဲများကို ဖြေရှင်းရန်အတွက် ရေမြေနှင့်ကိုက်ညီပြီး တောင်သူအများစုနှင့် အဆင်ပြေမည့်ကောက်စိုက်စက်များ လိုအပ်နေကြောင်း သိရသည်။

"ကောက်စိုက်သမတွေပဲ အားကိုးစိုက်ပျိုးနေရတော့ သူတို့စိုက်ပေးမှ ဖြစ်တော့တဲ့ အနေအထားဖြစ်နေတာ၊ နောက်ပြီး အရင်ကလို စနစ်တကျနဲ့ စိုက်ပျိုးတာ သိပ်မတွေ့ရတော့ဘူး။ ကောက်ကွက်အတွင်းမှာ ရှိရမယ့်ကောက်ပင်အရေအတွက်လည်း မပြည့်၊ အခန်းအလိုက်စိုက်တာကလည်း အရင်က နှစ်ခန်းစာကို အခုတစ်ခန်းတည်း စိုက်နေကြတာ၊ နဂိုက ကောက်စိုက်တာက လေလာရာဘက်ကို စိုက်လာရတာ၊ အခုကျတော့ ဘယ်ပြန် ညာပြန်စိုက်နေတော့ ကောက်ပင်က လေရိုက်ချိုးတာ ခံရပြန်တယ်။ စည်းနဲ့ စနစ်နဲ့ မစိုက်တော့ တောင်သူတွေ ခံရတာပါ။ သူတို့နဲ့မှ မစိုက်လည်း ကိုယ့်လယ်က မစိုက်နဲ့တော့ပဲ"ဟု လက်ရှိကောက်စိုက်သမ အခက်အခဲများကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများကို မြောင်းဦးကျေးရွာရှိ လယ်မြေ ငါးဧကခန့်ကို မိုးစပါးစိုက်ပျိုးထားသူ တောင်သူ ဦးကျော်မိုးက ပြောပြသည်။

ယခုနှစ် မိုးစပါးစိုက်တောင်သူများသည် ကောက်စိုက်သမ အခက်အခဲကြောင့် ပျိုးနုတ်ထားပြီး စိုက်ရက်မရခြင်းကြောင့် ပျိုးနာမှုများဖြစ်ခြင်း၊ ကောက်စိုက်သမများ၏ စည်းစနစ်တကျ မစိုက်ပျိုးခြင်းနှင့် ကောက်ကွက်အတွင်း ကောက်ပင်အရေအတွက် ပြည့်မီအောင် မစိုက်ပျိုးခြင်းတို့ကြောင့် အောင်မြင်ဖြစ်ထွန်းပြီး ထွက်နှုန်းကောင်းမွန်သော စပါးခင်းဖြစ်ရန်အတွက် မြေဩဇာနှင့် အချိန်ယူပြုစုရသောကြောင့် ငွေကြေးပိုမိုကုန်ကျကြောင်း တောင်သူများ၏ ပြောပြချက်များအရ သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# တောင်ကျရေများကြောင့် ပျက်စီးခဲ့ရသော နမ့်ပေါ့ချောင်းကူး မီးရထားတံတားနှင့် ကားလမ်းတံတားတို့ကို ပြုပြင်အသုံးပြုနိုင်တော့မည်

**သီပေါ ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့တွင် ဇူလိုင် ၂၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ အရှိန်အဟုန်ပြင်းစွာ ကျဆင်းလာ၍ သီပေါ-နမ္မတူ-နမ့်ဆန်သွားလမ်းပေါ်ရှိ နမ့်ပေါ့ကားလမ်းတံတားကြီး ကျိုးကျပျက်စီးခဲ့ရပြီး မန္တလေး-လားရှိုးရထားလမ်း၏ နမ့်ပေါ့ချောင်းကူး ရထားသံလမ်းတံတားကြီး၏ အလယ်တိုင်အမှတ် (၃) မှာ ယိမ်းယိုင်သွားခဲ့ရသည်။



အဆိုပါကားလမ်းကူး နမ့်ပေါ့ချောင်းတံတားကြီးနှင့် ရထားသံလမ်းတံတားကြီးတို့မှာ လွန်ခဲ့သော ၁၉၀၀ ခုနှစ်က ဆောက်လုပ်ခဲ့သည့် တံတားများဖြစ်ကြပြီး ယခုလအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများပြားခြင်းနှင့် ရေစီးကြောင်းပြောင်းလဲစီးဆင်းခြင်းတို့ကြောင့် အောက်ခြေတိုင်များ ရေတိုက်စားကာ ယခုကဲ့သို့ ပျက်စီးပြိုကျခြင်းဖြစ်သည်ဟု သိရသည်။

မန္တလေး-လားရှိုး မီးရထားလိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး၊ ရထားစီးခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်ရေးတို့အတွက် မန္တလေး-လားရှိုး လူစီးရထားနှင့် ကုန်ရထားများ အမြန်ဆုံး ခုတ်မောင်းသွားလာနိုင်ရန် ဆောင်ရွက်လျက်ရှိကြသည်။

ယခု မီးရထားတံတား ပြန်လည်ပြုပြင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ-နေပြည်တော်) ဦးမောင်မောင်သန်းက "မန္တလေး-လားရှိုးမီးရထားလမ်းပေါ်က ဒီနမ့်ပေါ့ချောင်းကူးတံတား ပြန်လည်ကောင်းမွန်ပြီး ရထားများ ပုံမှန်သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက ကြိုးစားဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ပစ္စည်းတွေ၊ ဇလီဖားတုံးတွေ ရောက်လာနေပါတယ်။ ကျောက်ရထားတွေလည်း ရောက်နေပါပြီ။ တစ်ပတ်အတွင်း ပြီးစီးအောင် ကြိုးစားလုပ်ကိုင်နေပါတယ်။ ဒါမှလည်း မန္တလေး-လားရှိုး သွားလာနေတဲ့ အများပြည်သူတွေ အဆင်ပြေကြမှာပါ။ ဒီရထားလမ်းတံတားရဲ့ သက်တမ်းကတော့ ၁၉၀၀ ပြည့်နှစ် ပတ်ဝန်းကျင်ကဆိုတော့ နှစ်တစ်ရာကျော် သက်တမ်းရှိပါပြီ။ ဂုတ်ထိပ်တံတားကြီး တည်ဆောက်အပြီး လားရှိုးလမ်းအပိုင်းကို တောက်လျှောက်ခင်းလာခဲ့တာပါ။ အရင်ကတော့ ရေစီးရေလာကောင်းမွန်အောင်နဲ့ တံတားရဲ့အောက်ခြေတိုင်တွေကို မထိခိုက်ရအောင် စနစ်တကျ လုပ်ခဲ့တာပါ။ ခုတော့ နေအိမ်တွေ၊ တဲတွေလည်း တိုးလာသလို ရေကြောင်းတွေကလည်း ပြောင်းလဲစီးဆင်းကုန်တာမို့ တံတားရဲ့ အောက်ခြေတိုင်တွေကို ထိခိုက်စေကုန်တာပါ။ သီပေါဘက်ကနေလာရင် တိုင်အမှတ် (၃)ရဲ့ အခြေအနေက ဆိုးဆိုးရွားရွား ယိမ်းယိုင်ပျက်စီးနေတာမို့ အချိန်မီအစုန်အဆန် ရထားတွေကို ယာယီရပ်ဆိုင်းထားပြီး ခုလိုပြန်လည်ပြုပြင်နေတာ ဖြစ်ပါတယ်။ အချိန်မီ ကာကွယ်ပြုပြင်လိုက်နိုင်တာမို့ ရထားလမ်းပိုင်းမှာတော့ လူအသေအပျောက် အထိအခိုက် လုံးဝမရှိခဲ့ပါဘူး"ဟု ရှင်းလင်းပြောပြခဲ့သည်။

အလားတူပင် ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက ကျိုးကျသွားခဲ့သော သီပေါ-နမ္မတူ-နမ့်ဆန်သွား ကားလမ်းပေါ်မှ ၁၇၇ ပေရှိ နမ့်ပေါ့ချောင်းကူးတံတားကြီးနေရာ၌ အမြန်ဆုံးအသုံးပြုသွားလာနိုင်ရေးအတွက် ယာယီ သံပေါင်ဘေလီတံတားကို စက်ယန္တရားကြီးများ၊ လူအင်အား စက်အင်အားများဖြင့် ဇူလိုင် ၂၉ ရက်က အဆောတလျင် တပ်ဆင်ဆောက်လုပ်လျက်ရှိသည်။ အဆိုပါ နမ့်ပေါ့ချောင်းကူးကားလမ်းတံတားကြီး ကျိုးကျခဲ့စဉ်က သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိကြသူများ၏ စာရင်းအမှန်ကို သီပေါမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့ ဒီနေ့အထိ တရားဝင်စာရင်းအရ သေဆုံးသူ ငါးဦးရှိပါတယ်။ အမျိုးသား လေးဦးနဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ဒဏ်ရာရရှိသူ သုံးဦးရှိပါတယ်။ အနည်းအပါးဒဏ်ရာ ရရှိသူတွေကိုတော့ ဆေးကုသပေးပြီး သူတို့ဆန္ဒအရ အိမ်ပြန်သွားကြပြီဖြစ်ပါတယ်"ဟု ရှင်းလင်းပြောပြခဲ့သည်။

ဒုဋ္ဌဝတီမြစ်က သီပေါမြို့၏ အရှေ့ဘက်နှင့် တောင်ဘက်တို့မှ စီးဆင်းဖြတ်သန်းနေပြီး ၎င်းဒုဋ္ဌဝတီမြစ်ရေလျှံ၍ အနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များ ရေဝင်၊ ရေနစ်ခြင်းဖြစ်ပွားခဲ့ရသည်။ မြို့၏ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းအလယ်မှ နမ့်ပေါ့ချောင်းက ဖြတ်သန်းစီးဆင်းလျက် ရှိသည်။ ၎င်းနမ့်ပေါ့ချောင်းမှာ သီးခြားတောင်ပေါ်မှ စီးဆင်းလာသော ရေချောင်းဖြစ်သည်။ မြို့၏နှစ်ဖက်ဆက်သွယ်ရေးနှင့် နမ့်ဆန်၊ နမ္မတူမြို့များသို့ သွားလာနိုင်ရေးအတွက် နမ့်ပေါ့ချောင်းကူးကားလမ်းတံတားကြီးကို တည်ဆောက်ထားရှိခြင်းဖြစ်သည်။ ဇူလိုင် ၂၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ ထိုးဆင်းကျလာ၍ ၎င်းနမ့်ပေါ့တံတားကြီး ကျိုးကျခဲ့ပြီး လူသေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယာယီဘေလီတံတားထိုး တပ်ဆင်၍ အမြန်ဆုံးအသုံးပြုသွားလာနိုင်ရန် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(သီပေါကိုလတ်)**

## မိုးသည်းထန်လေပြင်းတိုက် နေအိမ်တဲများ ပျက်စီး

**ကျောင်းကုန်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာအုပ်စု သဲကုန်းကျေးရွာနှင့် ကျွန်းကလေးကျေးရွာတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သဲကုန်းကျေးရွာမှ ဝါးအိမ် ငါးလုံးပျက်စီးခဲ့ကြောင်းနှင့် လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ပြောင်းရွှေ့စေပြီး အခင်းဖြစ်ရာသို့ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**

# ဝက်လက်မြို့နယ် မူးမြစ်ရေဝင်ကျေးရွာပြည်သူများအား ဆန်အိတ်များ ထောက်ပံ့

**ဝက်လက် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာပြည်သူများအတွက် ရွှေပန်းကုံးကျေးရွာတွင် ရေဘေးကူညီစောင့်ရှောက်ကွပ်ကဲမှုရုံး ဖွင့်လှစ်ကာ ရေဘေးကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ဆန်အိတ်ပိုင်း ၁၀၀ (တန်ဖိုးငွေကျပ်သိန်း ၂၅၀၀၀၀) ကို လာရောက်၍ ကျေးရွာပြည်သူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေးမြို့မှ အလှူရှင် ဦးဇော်မင်းဦးက ဆန်အိတ် ၃၀ (တန်ဖိုးငွေကျပ်သိန်း ၇၅၀၀၀၀) ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထင်းရှူးပင်လဲကျကာ လမ်းပိတ်ဆို့မှုများအား ရှင်းလင်း

**မင်းတပ် ဇူလိုင် ၂၉**

မင်းတပ်မြို့ အနောက်ရပ်ကွက် ဗိုလ်ကျော်ဦးလမ်းတွင် ဇူလိုင် ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျပြီး ထင်းရှူးပင်လဲကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါလမ်းပိတ်ဆို့မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ လမ်းဦးစီးအရာရှိ၊ အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ သွားရောက်၍ ရပ်ကွက်လူငယ်များနှင့်အတူ ဖြတ်တောက်ဖယ်ရှားခဲ့သဖြင့် ယာဉ်များသွားလာနိုင်ပြီဖြစ်သည်။ ကျန်ရှိနေသည့် မြေစာများကို လမ်းဦးစီးဌာနမှ ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မော်လူးတွင် ရေကြီးရေလျှံမှုကြောင့် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ ဟံနုတံတားပျက်စီး လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေစေရန် ယာယီကွင်းလမ်းဖောက်လုပ်

**မော်လူး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင်ရေကြီး ရေလျှံမှုကြောင့် ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၆၂/၅) နှင့်(၁၆၂/၆)ကြား တံတား အမှတ် (၅/၁၆၃) ရှိ ဟံနုတံတားသည် ရေစီးထဲမျောပါ ပျက်စီးခဲ့သဖြင့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ဒေသန္တရခရီးသွားလာကြသူများမှာ အခက်အခဲနှင့် ကြုံတွေ့နေကြရမှု ကြောင့်ခရီးသွားများ အဆင်ပြေစေ ရန်အတွက် ယာယီကွင်းလမ်းကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီခွဲမှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါတံတားမှာ ဇူလိုင် ၂၄ ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် ရေစီးနှင့်အတူမျောပါပျက်စီး ခဲ့ရပြီး ကုန်တင်ယာဉ်များ ကုန်စည် များကို အချိန်မီပို့ဆောင်နိုင်ရန် အလုပ်သမားများငှားရမ်းကာ ချောင်း တစ်ဖက်ကမ်းသို့ သယ်ယူကြရ ကြောင်း၊ အလျားပေ ၁၀၀၊ အကျယ် ပေ ၂၀ ရှိ အဆိုပါသံပေါင်ခံ သစ်သား ကြမ်းခင်းတံတား အမြန်ပြီးစီးနိုင်ရေး အတွက် စစ်ကိုင်းတိုင်းဒေသကြီး အခွန် ဘဏ္ဍာဝန်ကြီး ဦးတင်ဝင်း၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ နှင့်အတူ ညနေ ၄ နာရီခွဲတွင် အဆိုပါတံတား ပျက်စီးရာနေရာသို့ ရောက်ရှိပြီး ယင်းကွင်းလမ်းနှင့် ယာယီတံတားအား အချိန်မီပြီးစီးနိုင် ရေးအတွက် လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း၊ တံတားအရှေ့ ဘက် ယာယီကွင်းလမ်းနှင့် အနောက် ဘက် အကျယ် ငါးပေရှိ လူကူးတံတား တည်ဆောက်ခြင်းကို တံတားအထူး အဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေး မှူး ဦးသိန်းအောင်နှင့် ဦးစီးအရာရှိ ဦးသန်းလင်းနှင့် ကျွမ်းကျင်လုပ်သား ၂၀ တို့ က ဘက်ဟိုး တစ်စီး၊ ဘူဒိုဇာ တစ်စီး၊ မြေသယ်ယာဉ်ခြောက်စီး၊ ကရိန်းစက်တစ်စီးတို့ဖြင့် ယာယီ ကွင်းလမ်းအချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်ခဲ့သည့်အတွက် မော်တော် ယာဉ်များ ဖြတ်သန်းသွားလာနိုင် နေပြီဖြစ်ကြောင်း သိရသည်။**(ဝဉစ)**

# စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ အသုံးပြုရာတွင် သတိပြုရန်လို

**ရန်ကုန် ဇူလိုင် ၂၉**

ပိုးသတ်ဆေးများကို စိုက်ပျိုးရေးသုံးနှင့် ပိုး၊ ချသတ်ဆေးများအသုံးပြုရာ တွင် သတိပြုရန်လိုကြောင်း စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ရန်ကုန်မြို့ မြေပဒေသာကျွန်း၌ ဓာတုဆေးများ ကွပ်ကဲထိန်းသိမ်းတားမြစ်ရသည့် အကြောင်းရင်းများ ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၅ ရက်က ဟောပြောခဲ့သည်။

ပိုးသတ်ဆေးတွင် အနံ့ရှုသေ၊ ထိသေ၊ စားသေ စသည်ဖြင့်ရှိပြီး ယင်း အဆိပ်များသည် ပမာဏများစွာ လူနှင့်သက်ရှိများ ရှူရှိုက် ထိတွေ့စားမိပါ က မူးမေ့၊ အော့အန်ပြီး ၁၂ နာရီမှ နာရီ ၂၀အတွင်း အသက်ဆုံးရှုံးစေ နိုင်သည်အထိ ဖြစ်စေနိုင်ပါသည်။

စားသုံးသူကာကွယ်ပေးနိုင်ရန်အတွက်လည်း ပိုးသတ်ဆေးထုတ်လုပ် ဖြန့်ဖြူးရောင်းချရန် ဆေးပါဝင်မှုကို ကန့်သတ်သည့် စည်းမျဉ်းများထုတ်ထား ပြီး တချို့သောပိုးသတ်ဆေးများသည် ကမ္ဘာမြေပြင်မှအထက် ခုနစ်မိုင်ကျော် အထိပျံ့နှံ့ကာ အိုဇုန်းလွှာရှိ ဆဲလ်ထောင်ပေါင်းများစွာကို မိနစ်ပိုင်းအတွင်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ လူနှင့်သက်ရှိများ၏ အသက်ရှူလမ်းကြောင်း ဆိုင်ရာနှင့် အဆုတ်ကင်ဆာဖြစ်စေနိုင်ကြောင်း၊ ကျောက်ကပ်၊ သွေးဖုံးရောင် ရောဂါ၊ သွက်ချာပါဒရောဂါ၊ စိတ်ကျရောဂါများ၊ ကောင်းကင်တွင် ပျံသန်း နေသည့် ငှက်များ၏ မျိုးပွားနှုန်းများကိုပင် ကျဆင်းစေနိုင်ကြောင်း၊ နိုင်ငံခြား တင်ပို့မည့် ဈေးကွက်များလည်းပျက်စေနိုင်ကြောင်း သိရသည်။

ပိုးသတ်ဆေးများကို သီးနှံစိုက်ခင်းများ၊ သီးနှံဂိုဒေါင်များအတွင်း သတ်မှတ်ပမာဏထက် ကျော်လွန်သုံးစွဲပါက ပိုးသတ်ဆေးဓာတ်ကြွင်းများ ဖြစ်စေပြီး စားသုံးသူနှင့် ပြန်လည်စိုက်ပျိုးသူများအတွက်သာမက စိုက်ပျိုး မြေတွင်လည်း ပိုးသတ်ဆေးဓာတ်ကြွင်းများကျန်ခဲ့စေပြီး လာမည့်သီးနှံသစ် ပြန်စိုက်ပျိုးချိန်ထိတိုင် အပင်ငယ်များမပေါက်နိုင်ခြင်းဖြစ်စေနိုင်ပါသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ တင်ပို့သည့် ပဲတီစိမ်းများတွင် DDT များပါဝင်နေသဖြင့် စားသုံးရန်လည်း မသင့်၊ ပြန်လည်စိုက်ပျိုးရာတွင်လည်း ဓာတ်ကြွင်းများ၏ဘေးအန္တရာယ်ကို စိုးရိမ်ရသဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ပို့ဆောင်ခဲ့ဖူးသည်။ နမူနာများရှိခဲ့သဖြင့် စမ်းစစ်ကြည့်ရာတွင် ကုန်သည်က ၎င်း၏ပဲဂိုဒေါင်အတွင်း ချသတ်ဆေးများဖြူးထားခြင်းကြောင့် ပိုးသတ်ဆေး ဓာတ်ကြွင်းဆိုးများရှိနေသဖြင့် ပြန်စိုက်ပျိုးရန်နှင့် စားသုံးရန်ပင် မသင့်တော့ ဘဲ လက်မခံသဖြင့် ဈေးကွက်ပျက်သည်အထိ ရှိခဲ့သည်။

ပိုးသတ်ဆေးအသုံးပြုရာတွင် ဆေးညွှန်းများကို သေချာဖတ်ရှုသုံးစွဲရန်၊ ကုန်ဆုံးရက်၊ ရောစပ်နှုန်းထားပမာဏများအတိုင်း အသုံးပြုရန်နှင့် မှတ်ပုံတင် ထားသည့် ပိုးသတ်ဆေးဟုတ်/မဟုတ်၊ လိုင်စင်ဖြင့် တရားဝင်ထုတ်လုပ်ထား ခြင်း ဟုတ်/မဟုတ် စစ်ဆေးပြီးမှသာ ဝယ်ယူသုံးစွဲရန်၊ တောင်သူများ သည် ပိုးသတ်ဆေးပက်ဖျန်းရာတွင် နှာခေါင်းပိတ်နှင့် မျက်နှာဖုံးများ၊ ခန္ဓာကိုယ်အရေပြားပေါ်သို့မကျစေရန် လုံခြုံသည့် အဝတ်အစားများကို ဝတ်ဆင်ရန်နှင့် ပိုးသတ်ဆေးဥပဒေကိုလည်း လအနည်းငယ်အတွင်း ပြဋ္ဌာန်း နိုင်ရန် ဆောင်ရွက်နေကြောင်း ဦးတင်ဝင်းက ပြောသည်။

"ပိုးသတ်ဆေးဥပဒေပြင်ဖို့လိုအပ်နေပြီး နိုင်ငံတကာနဲ့ယှဉ်ရင် ကွာခြား မှုများရှိနေပါတယ်။ အဓိက ပိုးသတ်ဆေးဥပဒေမှာ သဘာဝပတ်ဝန်းကျင် အန္တရာယ်မဖြစ်ဖို့ ပိုးသတ်ဆေးသုံးပစ္စည်းတွေကို သုံးစွဲသူတွေက စနစ်တကျ ဘယ်လိုစွန့်ပစ်ရမယ်။ တောင်သူတွေ သုံးစွဲတတ်တောင် Blue Cross လုပ်သားတွေမွေးထုတ်ပေးဖို့၊ သင်တန်းတွေပေးဖို့ကိုပါ ပိုးသတ်ဆေးနည်း ဥပဒေမှာ ထည့်သွင်းရေးဆွဲထားဖို့၊ တောင်သူတွေ ပိုးသတ်ဆေးတွေကို မှန်ကန်အကျိုးရှိစွာ အသုံးပြုနိုင်ဖို့ ဈေးကွက်သတင်းအချက်အလက်တွေကို NGO အဖွဲ့အစည်းတွေကပါ ဖြန့်ဖြူးပေးဖို့လိုပါတယ်။ တရားမဝင် တင်သွင်းတာတွေကို တားဆီးဖို့လည်းလိုပါတယ်"ဟု စိုက်ပျိုးရေးပညာရှင် ဦးစံသိန်းက ပြောသည်။

**(သန့်ဇင်ဝင်း)**

# ကလေးဝမြို့နယ် မြစ်ရေတိုးမှုကြောင့် လမ်းတံတားများ ရေကျော်ပြီး လူနေအိမ်အချို့ရေနစ်မြုပ်

**မုံရွာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး ခရိုင် ကလေးဝမြို့နယ်တွင် မိုးအဆက် မပြတ်ရွာသွန်းပြီး မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ရေတိုးလာမှုကြောင့် စိုးရိမ်ရေမှတ်ထက် ကျော်လွန် ရောက်ရှိလာသဖြင့် ကလေးဝ- ကလေး ကားလမ်းပေါ်ရှိ တံတားများ ရေကျော်ကာ ယာဉ်များသွားလာမှု ယာယီ ပိတ်ဆို့လျက်ရှိပြီး အောင်ရပ်ကွက် သစ်ချောက် ကျေးရွာနှင့် ချောင်းကျဉ်းကျေးရွာ များရှိ အိမ်ခြေအနည်းငယ် ရေနစ် မြုပ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်ခဲ့သည့် သစ်ချောက်ကျေးရွာမှ အိမ်ခြေ ၆၀ ကျော်ကို ရေကင်းလွတ်သည့် ရုပ်ရှင် ရုံဟောင်းသို့ လည်းကောင်း၊ ချောင်းကျဉ်းကျေးရွာမှ အိမ်ခြေ ၃၀ ကျော်ကို ရေကင်းလွတ်သည့် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်း များသို့လည်းကောင်း ပြောင်းရွှေ့ပေး ခဲ့သည်။ ထို့အပြင် ယာယီတည်းခိုရေး စခန်းရှိရေ ဘေးသင့်ပြည်သူများ အတွက် ထမင်းထုပ်နှင့် ရေသန့်ဘူး များထောက်ပံ့ပေးခဲ့ပြီး တာဝန်ရှိသူ များက ကယ်ဆယ်ရေးထောက်ပံ့ရေး နှင့် ပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**(မြန်/ဆက်)**



အမြန်ရောင်းမည်
ပေ(၄၀×၆၀)
ဒဂုံ၊ စက်မှုဇုန်(၂)၊
အင်းတော်လမ်း၊ပါဝါစီတာ
09-5155106
09-250357900

HTOO Car Rental
PH: 0973053123,
09799990823

# လေပြင်းတိုက်ခတ်မှုကြောင့် ထိန်ပင်ကျေးရွာ အလယ်တန်းကျောင်း အမိုးများပျက်စီး

**သထုံ ဇူလိုင် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ပင်လယ်နားနီးသော အောက်ကွင်း ကျေးရွာဖြစ်သည့် ထိန်ပင်ကျေးရွာ တွင် ဇူလိုင် ၂၇ ရက် နံနက် ၂ နာရီခန့်က လေပြင်းတိုက်ခတ်မှု ကြောင့် ကျေးရွာရှိ အခြခံပညာ အလယ်တန်းကျောင်း အမိုးသွပ်ပြား အချပ် ၂၀ ခန့်နှင့် မျက်နှာကြက် ပေ ၆၀ ခန့် ပျက်စီးခဲ့ကြောင်း သိရ သည်။ **(ယာပုံ)**

အဆိုပါကျောင်းမှာ မတ်လအတွင်း က Max Myanmar Co.,Ltd မှ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်း ဖြစ်ပြီး ယခုလေပြင်းတိုက်ခတ်မှု ကြောင့် ငွေကျပ် လေးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။ လေပြင်းတိုက်ခတ်မှု အခြေအနေများအား သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ကွင်းဆင်းဆောင် ရွက်ပေးခဲ့သည်။ ယခုကျောင်းတွင် ပျက်စီးဆုံးရှုံးမှုများ ရှိသော်လည်း ကျေးရွာအတွင်းရှိ လူနေအိမ်ခြေများ၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိဘဲ ကျောင်းသား ကျောင်းသူများမှာလည်း ပုံမှန်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**



## ပြည်တွင်းရေးရာ

# မြစ်ရေကြီး၍ လယ်မြေနှင့် အိမ်များရေနစ်မြုပ်



**ကလေး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ မြစ်သာမြစ်ရေလျှံကာ ကလေးမြို့ မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနှင့် ကျေးရွာအချို့တွင် လူနေအိမ်နှင့် လယ်မြေများရေနစ်မြုပ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ပြောင်းရွှေ့နေရာချပေးလျက်ရှိသည်။ **(ဓာတ်ပုံ)**

"ကျီကုန်း၊ ဖောင်ကူး၊ ကြက်ဖနက်နှင့် သာစီကျေးရွာတွေကတော့ ရွာလုံးကျွတ် နစ်မြုပ်သွားတာပဲ။ ကျေးရွာပေါင်း ၁၆ ရွာကိုတော့ ပြောင်းရွှေ့နေထိုင်ဖို့ ကယ်ဆယ်ရေးစခန်းတွေမှာ နေရာချထားပေးရတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရေကြီးရေလျှံမှုတွင် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၂၇ ရွာရေဘေးသင့်ပြည်သူ ၃၅၄၀၊ အိမ်ထောင်စု ၄၀၀ ကျော်အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစခန်း၌ ပြောင်းရွှေ့နေထိုင်စေခဲ့ပြီး ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့ပေါ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် တပ်မတော်သားတို့၏ အစီအစဉ်ဖြင့် နေရာချထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထမင်းထုပ်များ ဝေငှပေးခြင်းတို့အပြင် မိုးမြင့်အာကာဆောက်လုပ်ရေးကုမ္ပဏီ၊ တောင်ဇလပ်ဆောက်လုပ်ရေးကုမ္ပဏီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့မှ ငွေနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ကလေး-ကလေးဝ ကားလမ်းနှင့် ကလေး-ဂန့်ဂေါလမ်းတို့မှာ လမ်းရေကျော်သဖြင့် ကားများသွားလာနိုင်ခြင်းမရှိဘဲ စက္ကန့်ကျေးရွာနှင့် ဇီးချောင်းရေအားလျှပ်စစ် စက်ရုံလမ်းမှာ ၁၅ ပေခန့်နှင့် ရာဇဂြိုဟ်-နန်းကျင်းဆောင်လမ်းမှာပေ ၂၀၀ ခန့် ရေတိုက်စား၍ ပျက်စီးခဲ့သည်။

ယင်းအပြင် လယ်ယာဧက သုံးသောင်းခန့်ရေနစ်မြုပ်ခဲ့ပြီး ဧကတစ်သောင်းကျော် ပျက်စီးဆုံးရှုံးကြောင်းနှင့် မြစ်သာမြစ်ရေလျှံမှုနှင့်ပတ်သက်၍ လူနှင့် တိရစ္ဆာန်သေဆုံးမှုမှာ မသိရှိရသေးကြောင်း သိရသည်။

**ချင်းတွင်းသား(မြန်/ဆက်)**

# ရောဝတီမြစ်ရေစီးသန်ချိန် ပေပင်ဆိပ်တွင်ဝဲလှန်မှုဖြစ်

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့သို့ရေကြောင်းဖြင့် ဝင်ရောက်လာသော ကုန်စည်များကို ဂေါဝန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်နှင့် အခြားဆိပ်များမှ အတင်အချပြုလုပ်လေ့ရှိသည်။ ချော်ဆိပ်တွင်ရေယာဉ်များစွာ ဆိုက်ကပ်လေ့ရှိသည်။ ကုန်တင်/ကုန်ချပြုလုပ်သည့် ပေပင်ဆိပ်မှရေယာဉ်များ ဇူလိုင် ၂၈ ရက်က နာရီဝက်ခန့် ဝဲလှန်မှုဖြစ်ပွားခဲ့ပြီး ကုန်စည်သယ်ယူပို့ဆောင်မှု ခေတ္တကြန့်ကြာစေခဲ့သည်။

ဒေသအခေါ် ဝဲလှန်ခြင်းဖြစ်သည်ဆိုသည်မှာ ကမ်းကပ်ရေယာဉ်တစ်စီးကိုအားပြုကာ ကြိုးချည်ရသော အရာသည်ပြုတ်ထွက်ကာ ရေယာဉ်အတွဲလိုက် ရေစီးထဲမျောသွားသောဖြစ်စဉ်ပင်ဖြစ်သည်။ ချော်ဆိပ်တွင် ရေယာဉ်များကြိုးချည်ရန် ခြောက်ပေခန့်ရှိသော ကျင်းတစ်ခုတူးကာ အတွင်းတွင် သစ်မြစ်ဆုံတစ်ခုကိုမြှုပ်ထားပြီး မြေဖို့ထားရသည်။ ထိုသစ်မြစ်ဆုံဘေးတွင် သုံးပေခန့်ရှိသော ကျင်းငယ်သုံးကျင်းတူးကာအတွင်းတွင် သစ်သားတိုင်များကို စိုက်ထားရသည်။ ထိုသို့ပြုလုပ်ခြင်းကို ဒေသအခေါ် ပေကြိုးမြှုပ်သည်ဟုခေါ်လေ့ရှိသည်။ ထိုသစ်သားများ သစ်မြစ်ဆုံများကို ရေယာဉ်များကမ်းကပ်သည့်အခါ ကြိုးဖြင့် အခိုင်အမာချည်ကာ ရပ်နားဆိုက်ကပ်ကြသည်။

ထိုရေယာဉ်များတွင် ကမ်းနှင့် အနီးဆုံးရေယာဉ်ကိုအမှီပြုကာ ကျန်ရေယာဉ်များက ကြိုးများဆင့်ကဲချည်နှောင်သည်။ ယခုအခါ ပေပင်ဆိပ်တွင် ကျောက်တင်ရေယာဉ်၊ ပြောင်းတင်ရေယာဉ်၊ ဂျုံ၊ ဘိလပ်မြေ၊ ဆန်တို့ အတင်အချပြုလုပ်သည့် ရေယာဉ်များ ဆိုက်ကပ်ထားသည်။ ဂျုံတင်ရေယာဉ်တစ်စီးလျှင် ဂျုံစေ့အိတ်သုံးသောင်းကျော်ပါလေ့ရှိပြီး ကုန်ချပြီး ခေါက်တိုကားများဖြင့် တင်ဆောင်ပါက ရက်သတ္တပတ်ကျော် ပြုလုပ်ရသည်။

ရေစီးသန်လာခြင်းကြောင့် ပေကြိုးမြှုပ်ထားသော သစ်မြစ်ဆုံပြုတ်ထွက်ကာ ရေယဉ်များအပြိုလိုက် ရေစီးနှင့်မျောကာ ဝဲလှန်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဝဲလှန်မှုဖြစ်ပါက ဝန်းကျင်ရှိလူများ ကြိုးများဖြင့် ထိခိုက်မိနိုင်သကဲ့သို့ ရေမျောသွားသော ကုန်ချပြီးသည့် ရေယာဉ်ငယ်များအန္တရာယ်ဖြစ်စေနိုင်ကြောင်း ဆိပ်ကမ်းမှ ကျွမ်းကျင်သူတစ်ဦးက ပြောသည်။ **(တိမ်တမန်)**



**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေစဉ်။ [၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းဆောင်သစ်ဆောက်လုပ်ခွင့် ၃၈ ဆောင်ရရှိပြီး ဆောက်လုပ်ခွင့်ရရှိသည့် ကျောင်းဆောင်သစ်များမှာ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်များဖြစ်ကြောင်း သိရသည်။]** (တင်စိုးလွင်)

# မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်မည်

**မုံရွာ ဇူလိုင် ၂၉**

စွမ်းဆောင်ရည်မြင့်မားပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသော လူငယ်၊ လူရွယ်များ၊ ဝန်ထမ်းများ မွေးထုတ်ပေးမည့် မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှုစွမ်းရည်မြှင့် သုံးလသင်တန်း ဖွင့်လှစ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မုံရွာမြို့ ရွှေဟောင်းမြန်မာစာပေရေးရာဌာနတွင် ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရွှေဟောင်းမြန်မာစာပေရေးရာဌာန ကြီးကြပ်မှုကော်မတီနာယက ဒေါက်တာမောင်ထူး၊ ဥက္ကဋ္ဌ ဦးဘုန်းကြွယ်၊ မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိန်စိန်အောင်နှင့် မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ အရှေ့တိုင်းပညာဌာန၊ သမိုင်းဌာန၊ ဥပဒေဌာန၊ စီးပွားရေးတက္ကသိုလ် မြန်မာစာဌာနမှ တာဝန်ရှိသူများ၊ ရွှေဟောင်းမြန်မာစာပေရေးရာဌာန ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နာယက ဒေါက်တာမောင်ထူးနှင့် ဥက္ကဋ္ဌ ဦးဘုန်းကြွယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်ပြီး ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး သင်ကြားမည့်အချိန်စာရင်းများကို အတည်ပြုညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် Family Laws in Myanmar၊ ရွှေဟောင်းအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ How to read Newspaper ၊ How to use Dictionary၊ How to write an Essay၊ မြန်မာစာပေသမိုင်းနှင့် အသုံးချ မြန်မာစာ၊ မြန်မာကဗျာများရေးဖွဲ့နည်း၊ ဝတ္ထုတိုရေးနည်း၊ ကျောက်စာဖတ်နည်း၊ ပေပုရပိုက်ပြုစုနည်း၊ ထိန်းသိမ်းနည်း၊ အသုံးချနည်းဘာသာရပ်၊ Mobile Phone ပြဿနာများကို ထိရောက်စွာဖြေရှင်းနည်းဘာသာရပ်နှင့် Mobile ဖုန်းဖြင့် e-mail ပို့နည်း စုစုပေါင်းဘာသာရပ် ၁၀ မျိုး ပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ သုံးလကြာမြင့်မည်ဖြစ်ပြီး မုံရွာမြို့ ရွှေဟောင်းမြန်မာစာပေရေးရာဌာနတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(စိုးစိုး-မုံရွာ)**

## ဇူလိုင် ၂၉ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၆၀၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၉၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၉၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၈၅၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀၀၀ မှ ၆၅၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၁၀၀၀၀ မှ ၂၁၅၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၈၈၀ |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၅၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |



# တံတားရှစ်စင်းဆောင်ရွက်ရန် မြေပြင်ကွင်းဆင်းတိုင်းတာ

**ငွေဆောင် ဇူလိုင် ၂၉**

ပုသိမ်မြို့နယ် ငွေဆောင်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုနိုင်ရန် တံတားလိုအပ်ချက်များအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နိုင်ငံတော်သမ္မတ၏ အထူးသီးသန့်ရန်ပုံငွေဖြင့် တံတားရှစ်စင်းဆောင်ရွက်ရန် မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းအား တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်း၊ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစတင့်ဝေ၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်တို့က ဒေသအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**




# ကွန်ပျူတာကွန်ရက်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် စင်ကာပူနှင့်ဗြိတိန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**စင်ကာပူ ဇူလိုင် ၂၉**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ်အတွင်း နှစ်နိုင်ငံ ကွန်ပျူတာကွန်ရက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

စင်ကာပူ ကွန်ပျူတာကွန်ရက် လုံခြုံရေး အေဂျင်စီ (စီအက်စ်အေ)နှင့် ဗြိတိန်အစိုးရအဖွဲ့ရုံးတို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ အဆိုပါသဘောတူညီချက်အရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကွန်ပျူတာကွန်ရက်လုံခြုံမှုရှိရေးအတွက် အာမခံချက်ရရှိစေမည်ဖြစ်သည်။ ဗြိတိန်နှင့် စင်ကာပူနိုင်ငံတို့၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ တီထွင်ဆန်းသစ်မှုအတွက်လည်းကောင်း အထောက်အကူဖြစ်စေမည်ဟု သတင်းတွင်ဖော်ပြသည်။

ယင်းသဘောတူလက်မှတ်ရေးထိုးပွဲကို သမ္မတရုံးအဆောက်အအုံတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့ တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ ရှေ့မှောက်တွင် တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံအကြား ကွန်ပျူတာကွန်ရက် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊ ကွန်ပျူတာကွန်ရက်လုံခြုံရေးကို ထိပါးသည့် လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကွန်ပျူတာကွန်ရက်ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်ရေးတို့မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အဓိကနယ်ပယ်ရပ်များဖြစ်ကြပြီး လာမည့်သုံးနှစ်တာကာလအတွက် ကွန်ပျူတာကွန်ရက်လုံခြုံရေးဆိုင်ရာ ပညာရေးသုတေသနလုပ်ငန်းအတွက် ရန်ပုံငွေ စင်ကာပူဒေါ်လာ ၅ ဒသမ ၁ သန်းထောက်ပံ့မည်ဖြစ်သည်။

**ဆင်ဟွာ။**

# အိုင်အက်စ်ကိုတိုက်ရေး လေတပ်အခြေစိုက်စခန်းများထားရှိရန် မဟာမိတ်နိုင်ငံများအား တူရကီခွင့်ပြု

**အန်ကာရာ ဇူလိုင် ၂၉**

တူရကီနိုင်ငံတောင်ပိုင်း၏ အဓိကလေတပ်အခြေစိုက်စခန်းတစ်ခုဖြစ်သည့် 'အင်ဆာလစ်'အပါအဝင် အခြားသော လေတပ်အခြေစိုက်စခန်းများကို အမေရိကန်အပါအဝင် မဟာမိတ်နိုင်ငံများအား အီရတ်နှင့်ဆီးရီးယားနိုင်ငံများရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် အသုံးပြုနိုင်သည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တန်ဂျူ ဘေဂျစ်ကဆိုသည်။

အမေရိကန်နှင့် တူရကီနိုင်ငံတို့သည် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးအတွက် အခြေစိုက်စခန်းများ တူရကီနိုင်ငံတွင် ထားရှိရန် သဘောတူညီပြီးဖြစ်သော်လည်း မည်သည့် စာချုပ်ကိုမျှ လက်မှတ်ရေးထိုးချုပ်ဆိုထားခြင်းမရှိသေးပေ။

ထိုသို့ တူရကီနိုင်ငံ၏လေတပ်အခြေစိုက်စခန်းများကို အမေရိကန်နှင့်အခြားသော မဟာမိတ်များအား သုံးစွဲခွင့်ပြုထားခြင်းသည် အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းရန်အတွက်သာဖြစ်ပြီး ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်စစ်သွေးကြွများကို တိုက်ခိုက်ရန်လေကြောင်းအထောက်အပံ့ပေးရန် ရည်ရွယ်ထားခြင်းမရှိဟု တန်ဂျူ ဘေဂျစ်က ဆက်လက်ပြောသည်။

တူရကီနိုင်ငံတွင် အမေရိကန်အပါအဝင် အခြားသောမဟာမိတ်နိုင်ငံများအနေဖြင့် လေတပ်အခြေစိုက်စခန်းများအသုံးပြုပြီး တပ်ဖြန့်ထားနိုင်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ရေးသားထားသည်။

အမေရိကန်နှင့် တူရကီနိုင်ငံတို့သည် ဆီးရီးယားနိုင်ငံကို ဘေးကင်းသောနယ်မြေအဖြစ် သတ်မှတ်ရန် ဆန္ဒရှိသည့်အတွက် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းပစ်ရန် သဘောတူညီခဲ့ကြသည်ဟု တန်ဂျူဘေဂျစ်က ဆိုသည်။

**ဆင်ဟွာ။**



# တောင်တရုတ်ပင်လယ်တွင်း၌ တရုတ်ရေတပ်စစ်ရေးလေ့ကျင့်

**စန်းယ ဇူလိုင် ၂၉**

ပင်လယ်ရေကြောင်း တိုက်ခိုက်ရေးစွမ်းရည်တိုးတက်စေရေးအတွက် တောင်တရုတ်ပင်လယ်တွင်း၌ တရုတ်ရေတပ်က ကျည်စစ် ကျည်မှန်များဖြင့် ပစ်ခတ်ကာ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကိုပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဇူလိုင် ၂၈ ရက်က ပြုလုပ်သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ရေတပ်စစ်ရေယာဉ် ၁၀၀ ကျော်၊ စစ်လေယာဉ် ဒါဇင်အချို့၊ ဒုံးကျည်တပ်ဖွဲ့ဝင်အများအပြားနှင့် ကွန်ပျူတာကွန်ရက်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း သတင်းတွင်ဖော်ပြသည်။ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သော တပ်ဖွဲ့ဝင်အရေအတွက်ကို အတိအကျဖော်ပြခြင်း မရှိပေ။

စစ်ရေးလေ့ကျင့်မှုအတွင်း ဒုံးကျည်များနှင့် တော်ပီဒိုလက်နက် ဒါဇင်များစွာကို ပစ်ခတ်ခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုမှာ တရုတ်ရေတပ်၏ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်နှင့် ကြိုတင်သတိပေးစနစ် စွမ်းရည်တို့ဖြင့် ရန်သူအပေါ် လျှင်မြန်စွာ တုံ့ပြန်တိုက်ခိုက်နိုင်မှုအား စမ်းသပ်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

❑

# မူလာအိုမာသေဆုံးသည့်သတင်း အာဖဂန်အစိုးရ စုံစမ်းစစ်ဆေးလျက်ရှိ

**ကဘူး ဇူလိုင် ၂၉**

အာဖဂန်အစိုးရသည် တာလီဘန်ခေါင်းဆောင် မူလာအိုမာသေဆုံးခဲ့ပြီဖြစ်ကြောင်း ထွက်ပေါ်လာသည့်သတင်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

အာဖဂန်အစိုးရ အသိုင်းအဝိုင်းနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းအတွင်းရှိ ထိပ်တန်းသတင်း အရင်းအမြစ်မှ ပေါက်ကြားလာသော အဆိုပါသတင်းကို တာလီဘန်အဖွဲ့က ယခုအချိန်ထိ ဝေဖန်ပြောကြားခြင်း မပြုသေးပေ။

ဖမ်းမိရန်ခက်ခဲသော အဆိုပါ စစ်သွေးကြွခေါင်းဆောင်သည် လွန်ခဲ့သည့် နှစ်နှစ်၊ သုံးနှစ်ကတည်းကပင်



သေဆုံးသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

၎င်းသေဆုံးကြောင်း နောက်ဆုံးပေါ်ထွက်လာသည့် သတင်းများနှင့်ပတ်သက်၍ အလေးအနက်ထား စုံစမ်းလေ့လာလျက်ရှိသည်ဟု ဆိုသည်။

အာဖဂန်သမ္မတ အာရှက်ဖ်ဂါနီ၏ ပြောရေးဆိုခွင့်ရှိသူက အာဏာပိုင်များသည် ယင်းသတင်းကို အတည်ပြုရန် ကြိုးစားလျက်ရှိသည်ဟု ပြောကြားခဲ့သည်။ **ရိုက်တာ။**

# ၂၀၁၅ ဥရောပ-အာရှစီးပွားရေးဖိုရမ်တွင် ပိုးလမ်းမစီးပွားရေးရပ်ဝန်းဖော်ဆောင်ရေး အလေးထားဆွေးနွေးမည်

**ပေကျင်း ဇူလိုင် ၂၉**

၂၀၁၅ ခုနှစ် ဥရောပ-အာရှစီးပွားရေးဖိုရမ်ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ရှီးပြည်နယ် ရှီးအန်းမြို့တော်တွင် စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပသွားရန် စီစဉ်ထားပြီး ပိုးလမ်းမစီးပွားရေးရပ်ဝန်းဖော်ဆောင်ရေးကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း ဆွေးနွေးပွဲကျင်းပရေး တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါစီးပွားရေးဖိုရမ်သည် ပိုးလမ်းမစီးပွားရေးရပ်ဝန်း တည်ဆောက်ခြင်းဖြင့် အာရှနှင့်ဥရောပနိုင်ငံများ၏ ခေတ်သစ်တီထွင်မှုများကို စူးစမ်းလေ့လာပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထားမြှင့်တင်သွားရန် ရည်ရွယ်ကြောင်း ရှီးအန်းမြို့ ဒုတိယမြို့တော်ဝန်နှင့် ဖိုရမ်ကျင်းပရေး ဒုတိယအထွေထွေအတွင်းရေးမှူး လီကျင်က ပြောကြားသည်။

ယင်းဖိုရမ်တွင် အဓိကအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ နှီးနှောဖလှယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ စွမ်းအင်ဖွံ့ဖြိုးတိုတက်ရေး၊ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားလုပ်ငန်းတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုးလမ်းမတစ်လျှောက်ရှိနိုင်ငံအသီးသီးမှ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်သည်။

ပိုးလမ်းမဆိုသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော် တရုတ်ဟန်မင်းဆက်လက်ထက် တရုတ်သံတမန်ဂျိန်းကျီအန်က အနောက်တိုင်းသို့ သံတမန်ခရီးအတွက် စတင်သွားလာခဲ့သည့် ကုန်းတွင်းပိုင်းကုန်သွယ်မှုလမ်းကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ရှေးခေတ်ပိုးလမ်းမသည် ယနေ့ခေတ် ရှီးအန်းမြို့မှအစပြု၍ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျန်းစုပြည်နယ်နှင့် အူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလယ်ပိုင်းနှင့်အနောက်ပိုင်းအာရှတို့မှ တစ်ဆင့် မြေထဲပင်လယ်ဒေသထိ ရှည်လျားသည်။ **ဆင်ဟွာ။**

## တိုက်စစ်အားဖြည့်ရန် ဘာလော့တယ်လီအား ဆမ်ဒိုးရီးယားအသင်း ခေါ်ယူရန်ပစ်မှတ်ထား

အီတလီစီးရီးအေကလပ် ဆမ်ဒိုးရီးယားအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် လီဗာပူးအသင်း၏ တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီအားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

လီဗာပူးနည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာမှာ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၌ ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် ဘာလော့တယ်လီအား ရောင်းထုတ်၍ နာမည်ကျော် ထိပ်တန်းအဆင့်တိုက်စစ်မှူးတစ်ဦးကို ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ထို့ပြင် ဘာလော့တယ်လီမှာလည်း လာမည့်ဘောလုံးရာသီတွင် လီဗာပူးအသင်းမှ ထွက်ခွာရန်သေချာသလောက်ရှိနေပြီး အီတလီမြေသို့ ပြန်လည်အခြေချရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသည်။

လီဗာပူးအသင်းမှာ ဘာလော့တယ်လီအတွက် ပေါင်ခုနစ်သန်းခန့်အလိုရှိနေသော်လည်း ဆမ်ဒိုးရီးယားအသင်းမှာ ယင်းပမာဏအား ပေးချေရန် ဆန္ဒမရှိဘဲ ဆက်လက်၍ ညှိနှိုင်းမှုများလုပ်ဆောင်သွားရန် ပြင်ဆင်နေကြောင်းသိရသည်။

အသက် (၂၄) နှစ်အရွယ်ရှိ အီတလီလက်ရွေးစင် တိုက်စစ်မှူး ဘာလော့တယ်လီမှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ လီဗာပူးအသင်းသို့ ပေါင် ၁၆ သန်းဖြင့်ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိသလို တစ်ရာသီအတွင်း ပရီမီယာလိဂ်သွင်းဂိုး တစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**ကိုရဲ**

## မော်ရင်ဟိုနှင့် အာဝင်ဝင်းဂါးတို့စကားစစ်ထိုးပွဲပြန်လည်အသက်ဝင်လာခဲ့ပြီ




ပြီးခဲ့သည့်ရက်ပိုင်းကပင် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက နည်းပြဝင်းဂါးအနေဖြင့် အာဆင်နယ်ကို ချယ်လ်ဆီး၏ပြိုင်ဘက်ကောင်းဖြစ်လာစေရန် အမှန်တကယ်ဖြည့်ဆည်းဝယ်ယူရမည့်အရာမှာ ဂဏန်းပေါင်းစက်တစ်လုံးသာ ဖြစ်သည်ဟု ကွန်မြူနတီဒိုင်းပြိုင်ပွဲမယှဉ်ပြိုင်မီစကားစစ်ထိုးပြောကြားခဲ့သည်။

မော်ရင်ဟိုက အာဆင်နယ်သည် ပရီမီယာလိဂ်ဖလား ပြန်လည်ရလိုဇောဖြင့်နှစ်နှစ်အတွင်း အိုဇေးလ်၊ ဆန်းချက်ဇ်၊ ချိန်ဘားစ်နှင့် ဒီဘူချီတို့အတွက် ပေါင်သန်း ၁၅၀ နီးပါး အသုံးပြုခဲ့သော်လည်း အက်ဖ်အေဖလားနှစ်လုံးဖြင့်သာကျေနပ်နေရကြောင်းလှောင်ပြောင်ခဲ့သည်။ ယခုအချိန်အာဆင်နယ်အနေဖြင့်ရှေ့၊ နောက်၊ အလယ်အပြင် ဂိုးသမားနေရာတွင်ပါ ပြီးပြည့်စုံသည့် အံ့ဖွယ်ကစားသမားများပိုင်ဆိုင်ထားပြီးဖြစ်သောကြောင့် ချန်ပီယံဆုဖလားပြန်လည်ရရှိရန် ဂဏန်းပေါင်းစက်တစ်လုံးသာ ထပ်မံဝယ်ယူရန်လိုအပ်တော့သည်ဟု အာဆင်နယ်၏အပြောင်းအရွှေ့ကိစ္စရပ်အား ဝေဖန်ထိုးနှက်ခဲ့သည်။

ဝင်းဂါးကမူ အာဆင်နယ်၏အပြောင်းအရွှေ့မူဝါဒအား အခြားကလပ်အသင်းများကလာရောက်လွှမ်းမိုးနေမှုကို လက်ခံမည်မဟုတ်ဘဲ ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ရမည့် ကွန်မြူနတီဒိုင်းအတွက်သာ အပြည့်အဝအာရုံစိုက်ကာ ချဉ်းကပ်သွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

“ကျွန်တော်တို့မှာ ဘာမှဝယ်စရာပိုက်ဆံမရှိရင် ဘာမှသုံးဖြစ်မှာမဟုတ်ပါဘူး။ ငွေရှိနေတော့ ကိုယ့်စိတ်ကြိုက်ကစားပေါက်တွေ့တဲ့ ကစားသမားမျိုးဆိုရင် အခြားအသင်းထက် လက်ဦးမှုရအောင်ဝယ်ထားရမှာပေါ့။ ဒါကရိုးရိုးရှင်းရှင်းလေးပါပဲ။ ကိန်းဂဏန်းတွေအရ ကျွန်တော်ဝယ်ယူခဲ့တဲ့ကစားသမားတွေဟာ ဒီအသင်းမှာပဲ တိုးတက်သွားတယ်ဆိုတဲ့ အချက်တွေကို ခင်ဗျားတို့မြင်ကြရမှာပါ။ ဘောလုံးကစားနည်းဆိုတာ အနိုင်ရရုံသက်သက်နဲ့ ပြီးပြည့်စုံတာမဟုတ်ဘဲ ရသပါ ပေးစွမ်းနိုင်မှုလည်းရှိရပါမယ်” ဟုဝင်းဂါးက မော်ရင်ဟို၏စကားအား ပြန်လည်ချေပခဲ့သည်။

အာဆင်နယ်သည် ၂၀၁၃မှ ၂၀၁၅အထိကစားသမားဝယ်ယူမှုအသုံးစရိတ်အဖြစ် ပေါင် ၁၄၂သန်းအသုံးပြုခဲ့ပြီး ပြန်လည်ရောင်းချမှုမှဝင်ငွေပေါင် ၃၆ ဒသမ ၈ သန်းခန့်သာရှိခဲ့ရာ အသားတင်သုံးစွဲမှု ပမာဏမှာ ၁၀၅ ဒသမ ၃ သန်းအထိမြင့်တက်ခဲ့သည်။ ချယ်လ်ဆီးအသင်းမှာမူ မော်ရင်ဟိုပြန်လည်ကိုင်တွယ်ခဲ့သည့် ကာလအတွင်း အဝယ်စာရင်းအတွက်ပေါင်၂၁၆ ဒသမ ၈ သန်းအထိရှိခဲ့သော်လည်း ရောင်းချမှုမှ ပေါင် ၁၇၉ ဒသမ၂ သန်းအထိ ပြန်လည်ရရှိခဲ့ရာ အသင်းမှ စိုက်ထုတ်သုံးစွဲရမှုပမာဏမှာ ပေါင် ၃၇ ဒသမ ၆ သန်းခန့်သာရှိသည်။

အာဆင်နယ်ဒါရိုက်တာ ဟားရစ်က ကလပ်အသင်းအနေဖြင့် လိုချင်သည့်ကစားသမားအားလုံးနီးပါးကိုဝယ်ယူနိုင်ရန်ပေါင်သန်း၂၀၀ခန့်သုံးစွဲနိုင်သည်ဟု ဆိုခဲ့သော်လည်း ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးဂိုးသမားပီတာဆက်ချ်တစ်ဦးတည်းကိုသာ ခေါ်ယူနိုင်သေးသည်။ သို့သော် နွေဈေးကွက်ကာလသည် စက်တင်ဘာ ၁ ရက်ရောက်မှသာ ပိတ်သိမ်းမည်ဖြစ်၍ အာဆင်နယ်အနေဖြင့် မည်သည့်ကစားသမားများကို ထပ်မံခေါ်ယူနိုင်မည်လဲဆိုသည်ကို အတိအကျမတွက်ချက်နိုင်သေးပေ။ ထို့ကြောင့် အာဆင်နယ်၏အပြောင်းအရွှေ့အသုံးစရိတ်များလည်း ဆက်လက်မြင့်တက်လာဖွယ်ရှိသည်။

ယင်းကိစ္စရပ်အတွက် မန်စီးတီးနည်းပြ ပယ်လီဂရီနီကမူ မော်ရင်ဟိုမှာ ယခုအသက်အရွယ်အထိရင့်ကျက်မှု မရှိသေးဘဲ ကလေးဆန်ဆန်စကားစစ်ထိုးမှုများဖြင့် သူတစ်ပါးအားလှောင်ပြောင်နေတတ်ဆဲဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့သည် ပရီမီယာလိဂ်ရာသီဖွင့်ပွဲအကြိုအဖြစ် ကွန်မြူနတီဒိုင်းပွဲစဉ်ကို ဩဂုတ် ၂ ရက်၌ ဝင်ဘာလေကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**မေလှဲ့သင်း**

## ကော်ဒိုဘာနောက်တန်းကစားသမား ခရက်စပိုအား အက်စတွန်ဗီလာခေါ်ယူ




ပရီမီယာလိဂ်ကလပ် အက်စတွန်ဗီလာအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလ၏ ခုနစ်ဦးမြောက်ကစားသမားခေါ်ယူမှုအဖြစ် ကော်ဒိုဘာနောက်တန်းကစားသမား ခရက်စပိုအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ခရက်စပိုသည် အက်စတွန်ဗီလာအသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကော်ဒိုဘာအသင်း၌ ကစားစဉ် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီအတွင်း ကော်ဒိုဘာအသင်းအတွက် ပွဲပေါင်း ၂၉ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

“ခရက်စပိုဟာ ဥရောပရဲ့ အကောင်းဆုံးပြိုင်ပွဲတွေထဲက လာလီဂါနဲ့ စီးရီးအေတို့မှာ ကစားခဲ့တဲ့သူဖြစ်ပြီး အတွေ့အကြုံပိုင်းလည်း ရင့်ကျက်မှုရှိတဲ့ကစားသမားတစ်ဦးပါ”ဟု အက်စတွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်က ပြောကြားခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် နိုက်စ်အသင်းမှ ပြင်သစ်ယူ-၂၁ ကစားသမား အာမာဗီကိုလည်း ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာခေါ်ယူခဲ့သည့်အပြင် မန်စီးတီးနောက်တန်းကစားသမား မီကာရစ်ချက်ဒ်ကိုလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူကာ အသင်း၏ နောက်တန်းခံစစ်ကြောင်းအတွက် အားဖြည့်ထားခဲ့ပြီဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် လက်ရှိဂိုးသမားရှေးဂစ်ဗင်မှာ စတုတ်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် သေချာနေခြင်းကြောင့် နော့ရစ်ချ်ဂိုးသမားဟောင်း မာ့ခ်ဘန်းကိုလည်း နှစ်နှစ်သက်တမ်းရှိစာချုပ်ဖြင့် ခေါ်ယူထားခဲ့သည်။

ထို့ပြင် အက်စတွန်ဗီလာအသင်းသည် တိုက်စစ်မှူးများဖြစ်ကြသည့် မန်စီးတီးအသင်းတောင်ပံကစားသမား စကော့ဆင်ကလဲယားကို လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့်လည်းကောင်း၊ လော်ရီးရန်အသင်းမှ ဂါနာတိုက်စစ်မှူး ဂျော်ဒန်အေးကို ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့်လည်းကောင်း ခေါ်ယူထားခဲ့သည်။ အက်စတွန်ဗီလာအသင်းသည် ကွင်းလယ်ပိုင်းအင်အား တောင့်တင်းစေရေးအတွက်မူ လိုင်လီအသင်းမှ ဆီနီဂေါကွင်းလယ်ကစားသမား အိုင်ဒရစ်ဆာဂူရီကို လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူထားခဲ့ပြီးဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် တိုက်စစ်မှူးဘန်တီကီနှင့် ကွင်းလယ်ကစားသမား ဖာဘီယန်ဒဲလ်တို့အား ရောင်းချခဲ့ပြီးနောက် ကစားသမားသစ်အများအပြားကို ခေါ်ယူအားဖြည့်ခဲ့သည်။ အက်စတွန်ဗီလာအသင်းအနေဖြင့် လက်ရှိကော်ဒိုဘာနောက်တန်းကစားသမားခရက်စပိုအား ခေါ်ယူလိုက်ခြင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွက် ခုနစ်ဦးမြောက်ကစားသမားခေါ်ယူမှုလည်း ဖြစ်လာခဲ့သည်။

**ငွေကြယ်**

## ချယ်လ်ဆီးတွင် ကြောက်စရာအကောင်းဆုံးတိုက်စစ်မှူးအဖြစ် ဖယ်လ်ကာအို ပြန်လည်ရောက်ရှိလာမည်

တိုက်စစ်မှူး ဖယ်လ်ကာအိုသည် ပြီးခဲ့သည့်နှစ်က မန်ယူတွင်ခြေစွမ်းအကျဆင်းဆုံးအခြေအနေနှင့်ရင်ဆိုင်ခဲ့ရသော်လည်း ချယ်လ်ဆီးတွင် ကြောက်စရာအကောင်းဆုံးတိုက်စစ်မှူးအဖြစ်သို့ ပြန်လည်ရောက်ရှိလာမည်ကို သံသယဖြစ်စရာမရှိကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဆိုခဲ့သည်။

၎င်းမှာ ပြီးခဲ့သည့်နှစ်က မိုနာကိုမှ မန်ယူသို့အငှားဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ စုစုပေါင်းလေးဂိုးသာ သွင်းယူနိုင်ခဲ့သည်။ အက်သလက်တီကို အသင်း၌မူ ပွဲပေါင်း ၉၀ ခန့် ဝင်ရောက်ကစားပေးခဲ့ပြီး သွင်းဂိုး ၇၀ အထိသွင်းယူပေးနိုင်ခဲ့သည့် ခြေစွမ်းနှင့်ပြောင်းပြန်အချိုးကျသည့်အနေအထားသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည်။




သို့သော်နည်းပြမော်ရင်ဟိုက ဖယ်လ်ကာအိုအား ယုံယုံကြည်ကြည်ဖြင့်ခေါ်ယူခဲ့ပြီး ချယ်လ်ဆီးတွင် ကမ္ဘာ့ကြောက်စရာအကောင်းဆုံး ထိပ်တန်းတိုက်စစ်မှူးတစ်ယောက်အဖြစ် ပြန်လည် မြင်တွေ့မည်ဟု ဖွင့်ဟပြောကြားခဲ့သည်။

မော်ရင်ဟိုက“ဖယ်လ်ကာအိုဟာ မန်ယူမှာ နောက်တန်းကစားသမားတွေကို ဘာမှအန္တရာယ်မပေးနိုင်ဘဲ ပြိုင်ဘက်ဂိုးပေါက်ဧရိယာအတွင်း လည်စင်းခံရမယ့်သားကောင်လိုမျိုးဖြစ်နေတယ်။ သူ့ကို ကျွန်တော်တို့ မခေါ်ယူခင်ကတည်းက သူ့ရဲ့ကြံ့ခိုင်မှုအနေအထားနဲ့ ပတ်သက်ပြီး အသေးစိတ်ကို အသင်းက ဆရာဝန်ရဲ့အတည်ပြုချက်ရပြီးမှသာ ခေါ်ယူခဲ့တာပါ။ မန်ယူမှာ သူခြေစွမ်းကျဆင်းခဲ့တာက ကြံ့ခိုင်မှုမပြည့်ဝလို့မဟုတ်ဘဲ ဂိုးပေါက်ပျောက်နေလို့ယုံကြည်မှုလျော့နည်းသွားတာကြောင့် ဖြစ်ပါတယ်” ဟု ရှင်းလင်းပြောကြားခဲ့သည်။

**မေလှဲ့သင်း**

ကျန်းမာရေးဆောင်းပါး

# ဆေးပညာသတင်းဆန်းများ ၁၀၅

à ဒေါက်တာကံညွန့်

သိပ္ပံပညာတိုးတက်လာတာနဲ့အမျှ ဆေးပညာမှာ Gene အစားထိုးကုသနည်းတွေလည်း အမျိုးမျိုးတိုးတက် လာနေပါတယ်။ အခုတော့ ဒီ Gene Techanology ကိုထိန်းချုပ်မယ့် Ethics ဥပဒေစည်းကမ်းတစ်ခုကို တီထွင်ဖို့နှိုးဆော်လိုက်ပါပြီ။ ဒါကို နှိုးဆော်လိုက်တဲ့ အဖွဲ့ကြီးကတော့ အမေရိကန်နိုင်ငံ (NSA)National Sciences Academy အဖွဲ့ကြီးကပဲ ဖြစ်ပါတယ်။ ဒါဟာဘာကြောင့် ဒီလိုဖြစ်လာရတာလဲဆိုရင် လွန်ခဲ့တဲ့လက တရုတ်နိုင်ငံက ဆေးသိပ္ပံပညာရှင်တစ်ဖွဲ့ဟာ CRISPR လို့အမည်ပေးထားတဲ့ Gene Editing နည်းပညာနဲ့ တည်စပြုနေတဲ့ သန္ဓေသားတစ်ဦးရဲ့ DNA ကိုသူတို့လိုချင်တဲ့ DNA ပုံစံအဖြစ် ပြောင်းလဲဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ဒီသန္ဓေသားဟာ အသက်မရှင်ဘဲ မအောင်မြင်ဖြစ်ခဲ့ရပါတယ်။ ဒါဟာ Designer Baby ခေါ်တဲ့ ကိုယ်လိုချင်တဲ့ပုံစံ လူသားလေးကို မွေးထုတ်ဖို့ကြိုးစားခဲ့ကြတာပါ။ ဒီကတစ်ဆင့် အောင်မြင်လာရင် Cloning လို့ခေါ်တဲ့ လူတော်တစ်ယောက်ရဲ့ Gene ကိုယူပြီး အဲဒီလူရဲ့ ပုံစံနောက်လူတွေကို မွေးယူလို့ရနိုင်တဲ့ နည်းတွေပါသုံးနိုင်လာတော့မှာ ဖြစ်ပါတယ်။ ဆေးပညာရှင်၊ သိပ္ပံရှင်တွေအနားမှာ များစွာသောဆေးကုမ္ပဏီ တွေကလဲ ဒီ Genetic Technology ကို အသုံးချဖို့ စောင့်ကြည့်နေကြတာပါ။ Gene အမျိုးမျိုးကို ရှာဖွေလေ့လာနိုင်ခဲ့တဲ့ ၁၉၇၀-၈၀ ဝန်းကျင်အချိန်လောက်ကပဲ NSA အဖွဲ့ကြီးဟာ ဒီ Gene Editing Technology Guide Line ကို တစ်ချိန်ချိန်မှာ ချမှတ်ဆောင်ရွက်နိုင်ဖို့ မျှော်လင့်ထားခဲ့တာဖြစ်ပါတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။




.................................................................

ယခုဖော်ပြလိုတဲ့သတင်းကတော့ ပါးစပ်နဲ့နှာခေါင်းကရှူထုတ်လိုက်တဲ့ လေကိုစမ်းသပ်ပြီး အစာအိမ်မှာ ကင်ဆာရောဂါရှိ၊ မရှိ စမ်းသပ်နိုင်ပြီဆိုတဲ့ သတင်းပါ။ ဒီစမ်းသပ်မှုကိုတော့ အစ္စရေးနိုင်ငံက ဆေးပညာရှင်တွေဖော်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ Nanoarray Analysis လို့အမည်ပေးထားတဲ့ ဒီနည်းပညာကို တီထွင်နိုင်ခဲ့ ကြတာကတော့ Russel Berrie Nanotechnology Lnstituteu ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ အစာအိမ်ကင်ဆာဝေဒနာရှင် ၉၉ ဦးပါတဲ့ လူ ၅၀၀ ကို စမ်းသပ်ကြည့်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနည်းဟာ အစာအိမ်ကင်ဆာမဖြစ်ခင် ဖြစ်နိုင်ခြေရှိတဲ့လူကိုလဲ သိနိုင်တဲ့နည်းဖြစ်တယ်လို့ဆိုပါတယ်။ ယခင်က အစာအိမ်ကင်ဆာကို အပေါ်ပိုင်းမှန်ပြောင်းကြည့်ကိရိယာ (Gastroscopy) ကြည့်ခြင်းနဲ့သာ သိနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ယခုနည်းသာအောင်မြင်မယ်ဆိုရင် လူနာတွေဟာ သက်သောင့်သက်သာနှင့်ရောဂါရှိ၊ မရှိ သိနိုင်တာကြောင့် ဒီနည်းလမ်းကို အသုံးပြုနိုင်ဖို့ ဆေးပညာရှင်တွေဟာ နောက်ထပ်လူနာတွေကို ပိုမိုစမ်းသပ်ကြည့်ရဦး မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။



.................................................................

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ဦးနှောက်နဲ့ကြွက်သားတွေကို အိုမင်းရင့်ရော်လာခြင်းက ကာကွယ်နိုင်မယ့် နည်းလမ်း သို့မဟုတ် မအိုဆေးတစ်ခုကို တီထွင်နိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Berkely မှာရှိတဲ့ University of Califonia က ဆေးသုတေသနပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ ဦးနှောက်နှင့်ကြွက်သား ကြီးထွားမှုမှာ အရေးပါတဲ့ Growth Factor ဖြစ်တဲ့ TGF-betal ကို တားနိုင်တဲ့ Molecule ငယ်တစ်ခုကို သူတို့တွေ့ရှိခဲ့တယ်လို့ဆိုပါတယ်။ ဒီ Molecule ကို အိုမင်းနေတဲ့ ကြွက်တွေမှာ ထိုးသွင်းစမ်းသပ်လိုက်တဲ့အခါ ဒီကြွက်အိုတွေဟာ ပြန်လည်နုပျိုသန်စွမ်းလာပြီး သူတို့ရဲ့ လိမ္မာပါးနပ်မှုပါ တိုးတက်လာတာကိုတွေ့ရတယ်လို့ဆိုပါတယ်။ ဒီ Molecule နာမည်ကတော့ ALK 5 Kinase Inhibita ဖြစ်ပါတယ်။ဒီ Molecule ဟာ အိုမင်းရင့်ရော်စေတဲ့ Growth Factor ဖြစ်တဲ့ TGF-betal ကို ထိန်းချုပ်နိုင်တာကြောင့်ဖြစ်ပါတယ်။ ဒီစမ်းသပ်မှုပေါ်ပေါက်တာဟာ လူတွေကို မအိုအောင်တားနိုင်မယ့် နည်းလမ်း ပေါ်လာနိုင်ဖို့ လမ်းစဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



.................................................................

ယခုလို မိုးဦးကျဆိုရင် Dengue Haemorrhagic Fever(D.HF) လို့ခေါ်တဲ့ သွေးလွန်တုပ်ကွေးရောဂါဟာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ အဖြစ်များနေပါတယ်။ ထူးထူးခြားခြား သွေးလွန်တုပ်ကွေး အဖြစ်များနေတဲ့ တောင်အမေရိကနိုင်ငံတစ်ခုအကြောင်းတင်ပြချင်ပါတယ်။ ဒီနိုင်ငံကတော့ ဘရာဇီးနိုင်ငံဖြစ်ပါတယ်။ ဒီနိုင်ငံမှာ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရောဂါဖြစ်သူပေါင်း ၇၄၅၀၀၀ ကျော်ရှိပြီလို့ ဆိုပါတယ်။ ဒီနှစ်ဟာအဖြစ် အများဆုံးဖြစ်ပြီး ယခုရောဂါဖြစ်နေသူ အားလုံးရဲ့ တစ်ဝက်ကျော်က ဒီပြည်နယ်မှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီပြည်နယ်ဟာ လူဦးရေများပြီး လူနေထူထပ်တဲ့ပြည်နယ်ဖြစ်တယ်လို့ ဆိုပါတယ်။ အခု ဘရာဇီးနိုင်ငံမှာသွေးလွန်တုပ်ကွေးဖြစ်နေတဲ့နှုန်းက ကပ်ရောဂါအသွင်ဖြစ်နေတာလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ဆိုပါတယ်။ WHO သတ်မှတ်နှုန်းအရ လူတစ်သိန်းမှာ ရောဂါခံစားရ သူ ၃၀၀ရှိလျှင် ဒါကို (Epedmic) ကပ်ရောဂါဖြစ်တယ်လို့ သတ်မှတ်နိုင်ကြောင်းနှင့် ရောဂါတိုက်ဖျက်ရေးကို နိုင်ငံအစိုးရက အားသွန်ခွန်စိုက်ပြုလုပ်ဖို့ လိုကြောင်း တိုက်တွန်းထားပါတယ်။ ဘရာဇီးနိုင်ငံဟာ သွေးလွန်တုပ်ကွေးဖြစ်တဲ့ တခြားနိုင်ငံတွေနဲ့ မတူတဲ့အချက်ကတော့ ဒီရောဂါဖြစ်စေတဲ့ ခြင်ကျား Ades Egypti ဟာ တခြားရောဂါသုံးမျိုးဖြစ်တဲ့ yellow fever, chikungunya fever နှင့် Zika Fever ကိုလဲ ဖြစ်စေတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

.................................................................



ယခုဖော်ပြလိုတဲ့သတင်းကတော့ နေ့စဉ်စားသုံးသင့်တဲ့အရာတစ်ခုအကြောင်းပါ။ လူတိုင်းဟာအသက် ၅၀ ကျော်လာရင် ပဲစေ့ဆန်တစ်မျိုးမျိုးကို နေ့စဉ်အနည်းဆုံး 10 Gram လောက် စားသုံးသင့်တယ်ဆိုတဲ့အကြောင်းပါ။ ဒီအကြောင်းနဂိုကသိခဲ့ကြပေမယ့် ယခုတင်ပြရတာကတော့ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ လေ့လာထားတာကြောင့်ဖြစ်ပါတယ်။ ဒီလေ့လာချက်ကို နယ်သာလန်နိုင်ငံ Maastrich University က ပြုလုပ်ခဲ့တာဖြစ်ပြီး ဒီအကြောင်းကို International Journal of Epidemiology မှာ ဖော်ပြထားတာဖြစ် ပါတယ်။ သူတို့ဟာ နယ်သာလန်နိုင်ငံက အသက် ၅၅ နှစ်က ၆၉ နှစ်အရွယ်ရှိ အမျိုးသား၊ အမျိုးသမီးများ စားသောက်နေထိုင်ပုံကို ၁၉၈၆ ခုနှစ်ကပဲ စောင့်ကြည့်လေ့လာခဲ့တာဖြစ်ပါတယ်။ ဒီအထဲက နေ့စဉ် ပဲစေ့ဆန်တစ်မျိုးမျိုးကို 10 Gram အနည်းဆုံးစားသုံးသူတွေဟာ ရောဂါ အမျိုးမျိုးကြောင့် ၁၀ နှစ်အတွင်း သေနိုင်မယ့်အခြေအနေ ၂၃ ရာခိုင်နှုန်းပိုနည်းသွားခဲ့တယ်လို့ ဆိုပါတယ်။ နောက်ပြီး တခြားထူးခြားချက်တွေကတော့ အဲဒီလိုစားသုံးနေ ထိုင်သူတွေဟာ ဦးနှောက်ကလပ်စီးပျက်စီးခြင်း ရောဂါ (Neuro degenerative Diesases က ၄၅ ရာခိုင်နှုန်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Respiratory Diseaseo) က ၃၉ ရာခိုင်နှုန်း၊ အမှတ်(၂)ဆီးချိုရောဂါက ၃၀ ရာခိုင်နှုန်းပိုပြီး လွတ်မြောက် နိုင်တယ်လို့ သူတို့လေ့လာချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် အသက် ၅၀ ကျော်သူတွေကျန်းမာပြီး အသက်ရှည်စွာနေချင်ကြရင် နေ့စဉ်ပဲစေ့ဆန်တစ်မျိုးမျိုးကို အနည်းဆုံး 10 Gram စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

.................................................................

ယခုဖော်ပြလိုတဲ့သတင်းကတော့ မျက်စိမမြင်ဖြစ်နေသူတွေ၊ ကင်ဆာရောဂါရှင်တွေ၊နှလုံးရောဂါဖြစ်သူတွေမှာ လိုအပ်တဲ့ဆေးကို ထည့်ပြီးကုပေးနိုင်တဲ့ Hydrogel တစ်ခုကို တီထွင်နိုင်ခဲ့ပြီဆိုတဲ့ သတင်းပါ။ ဒီလိုတီထွင်နိုင်ခဲ့သူ တွေကတော့ အမေရိကန်နိုင်ငံက (MIT) လို့ အတိုကောက်ခေါ်တဲ့ Massachusetts Institute of Technology က သိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်ကို Journal of Nature Communication မှာ ဖော်ပြထားတာပါ။ သူတို့ဟာ ယခင် မျက်ကပ်မှန်အပျော့စား (Soft Contact Lens) ထုတ်လုပ်ရာမှာ အသုံးပြုခဲ့တဲ့ Polymer ဓာတ် ပစ္စည်းမျိုးကို အခြေခံထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ယခု အသစ်ထုတ်လုပ်တဲ့ Hydro Gel မှာတော့ PEC-PLA ခေါ်တဲ့ Copolymers နှင့် Cellulose Nanoparticles ပါဝင်တယ်လို့ဆိုပါတယ်။ ဒီ Hydrogel ကို သက်ကြီးရွယ်အိုတွေရဲ့ မျက်စိရောဂါ တစ်မျိုးဖြစ်တဲ့ Age Related Macular Degeneration ARMD ရောဂါခံစားရသူတွေမှာ မျက်စိအတွင်း ဆေးထိုးပေးရာမှာ သွေးကြောအသစ်ပေါ်လာတာကိုတားနိုင်တဲ့ ဆေးနှင့်ရောစပ်ထိုးပေးနိုင်မှာဖြစ်ပြီး ဒီလို ရောထိုးပေးခြင်းဖြင့် ကြာကြာခံကာ ခဏခဏဆေးထိုးရခြင်းက သက်သာနိုင်မယ်လို့ဆိုပါ တယ်။ ကင်ဆာရောဂါခွဲစိတ်ထားသူတွေမှာလဲ ခွဲစိတ်ပြီးယင်းနေရာမှ ဒီ Hydrogel ကို ကင်ဆာ Cell သေဆေးနှင့်ရောပြီးထိုးထားခြင်းဖြင့် ခွဲစိတ်စဉ်ကျန်ခဲ့တဲ့ကင်ဆာ Cell တွေကိုလည်း သေစေပြီး နောက်ထပ်ဖြစ်လာမယ့်ကင်ဆာကိုလဲ ကာကွယ်နိုင်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။



**ဦးနှောက်နဲ့ ကြွက်သားတွေကို အိုမင်းရင့်ရော်လာခြင်းက ကာကွယ်နိုင်မယ့်နည်းလမ်း သို့မဟုတ် မအိုဆေးတစ်ခုကို တီထွင်နိုင်တော့ . . .**

# ငါန်းဇွန်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်မည်

**ငါန်းဇွန် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ယင်းမြေနေရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဝင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုး၊ (WE ARE ABLE) ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာများက မြို့နယ်မီးသတ်ဦးစီးဌာနရုံးဝန်ထမ်းများအတွက် မြို့နယ်မီးသတ်ဦးစီးဌာနရုံးဝင်းအတွင်း၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာတွင် အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်ခဲ့ကြသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာမှာ အလျားပေ ၁၂၀ × အနံပေ ၃၀ အကျယ်အဝန်းနှင့် RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး WE ARE ABLE ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## တောတွင်ကျေးရွာ ၃၁၅ ကေဗွီအေ ထရန်စဖော်မာဖြင့် လျှပ်စစ်မီးလင်းပြီ

**ကျောက်ဆည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ တောတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပွဲကို ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီက ကျေးရွာအတွင်း ရွာလယ်လမ်းဆုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တောတွင်ကျေးရွာတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာဖြင့် လျှပ်စစ်မီးလင်းစေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဒေါ်ဇာဇာအုန်းနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ၃၁၅ ကေဗွီအေ ထရန်စဖော်မာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အလှူငွေကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွေးက လက်ခံရယူခဲ့သည်။

တောတွင်ကျေးရွာတွင် အိမ်ထောင်စု ၂၆၁ အိမ်ရှိရာ လျှပ်စစ်မီးလင်းအိမ် ၁၇၆ လုံး လျှပ်စစ်မီးသုံးစွဲ၍ လျှပ်စစ်မီးလင်းရေးအတွက် သံကူကွန်ကရစ်တိုင် ၇၆ လုံး၊ လိုင်းဆွဲအားကို (၃၃ကေဗွီ) လိုင်းမှ ဆွဲယူပြီး လျှပ်စစ်မီးလင်းကြိုး အမျိုးအစားမှာ (၇၀၄၄)ဖြစ်သည်။ ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၆၁၁၆၁၈၀၀ ဖြစ်ပြီး ကျန်အိမ်ထောင်စုများပါလျှင် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

■



## ဇမ္ဗူသီရိမြို့နယ်တွင် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော အဆင့်မြင့် စက်ချုပ်သင်တန်း (၁/၂၀၁၅) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၇ နံနက် ၁၀ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင်ကျင်းပရာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုး တက်ရောက်အားပေးခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်က စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းနည်းပြက သင်တန်းသူများအား လက်တွေ့သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၈ ရက်မှစတင်ပြီး တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်**

## မအူပင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်း

**မအူပင် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမိုးကျော်အောင်က မဲစာရင်းများ မှန်ကန်စေရေး၊ မကျန်စေရေးအတွက် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲများအနေဖြင့် သေချာစွာ စိစစ်ဆောင်ရွက်ကြရန် ပုံစံ( ၃ )ပုံစံ (၄ )ပုံစံ (၄က) များအား ဇူလိုင် ၃၀ ရက်နောက်ဆုံးထား၍ တင်ပြကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များက သိလိုသည်များ မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါအစည်းအဝေးသို့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲနှင့် ရပ်ကွက်ကျေးရွာ ၈၈ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဝင် စုစုပေါင်း ၁၈၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ပန်းလှိုင်မေ (ပြန်/ဆက်)**

## ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ဗိုလ်ချုပ်ကြေးသွန်းရုပ်တု ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြော

**ချောက် ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တော်ဝင်နန်းခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် ဗိုလ်ချုပ်ကြေးသွန်းရုပ်တု ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇူလိုင် ၂၇ ရက် ည ၇ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

စာပေချစ်မြတ်နိုးသူများက ဗိုလ်ချုပ်အောင်ဆန်းကို လေးစားတန်ဖိုးထားသောအားဖြင့် ဗိုလ်ချုပ်နှင့် ပတ်သက်သည့် ကဗျာများ၊ သီချင်းစာသားများဖြင့် ဖတ်ပြဂုဏ်ပြုပြီးနောက် စာရေးဆရာ ကိုလေး(၇၄) က ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ မအိ(ကဗျာ ) က သူရဲကောင်းတို့ခြေရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဇော်ငြိမ်းလတ်က ဗိုလ်ချုပ်ကြေးရုပ်သာစကားပြောတတ်လျှင် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စာပေဟောပြောပွဲပြုလုပ်ပေးရခြင်းမှာ ယနေ့လူငယ်များ ဗိုလ်ချုပ်လို စိတ်ဓာတ် ပြည့်ဝစေရန် ရိုသေထိုက်သူကို ရိုသေတတ်စေရန်၊ စာပေအသိပညာ ဗဟုသုတတိုးပွား၍ လမ်းမှားမရောက်ဘဲ လမ်းမှန်ရောက်စေရန်စသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူ၏ပြောကြားချက်အရ သိရသည်။

ယင်းနေ့က စာပေဟောပြောပွဲ သို့လာရောက်ကြည့်ရှုနားထောင်သူ ၄၀၀ ခန့်ရှိကြောင်း သိရသည်။

**မချို (ချောက်)**

## လိုင်စင်မဲ့ စက်သုံးဆီဆိုင်များအား တရားမဝင် လောင်စာဆီတားဆီးရေးကော်မတီကပိတ်ပင်

**နွားထိုးကြီး ဇူလိုင် ၂၉**

နွားထိုးကြီးမြို့ပေါ်တွင် စက်သုံးဆီ(လောင်စာဆီ)ရောင်းချမှုကို ယခုရက်ပိုင်း တရားမဝင် လောင်စာဆီ တားဆီးရေးကော်မတီက ပိတ်ပင်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့ပေါ်နှင့်နယ်တွင် ဓာတ်ဆီကို စားသောက်ဆိုင်၊ ကုန်စုံဆိုင်မှစ၍ စက်သုံးဆီအရောင်းဆိုင်အထိ လိုင်စင်မဲ့ ရောင်းနေသူ ၂၀၀ ကျော်ရှိနေကြောင်း သိရသည်။

လိုင်စင်ရ စက်သုံးဆီဆိုင် နွားထိုးကြီးမြို့နယ်တွင် လေးဆိုင်၊ ပြင်စည်တွင် နှစ်ဆိုင်ရှိပြီး ဝက်လူး၊ ရွာကြီးပြင်စည်တို့တွင် လိုင်စင်မဲ့ ပန့်ဆိုင် အသေးစားများရှိကြောင်း ယခုအခါ ယင်းလိုင်စင်မဲ့စက်သုံးဆီဆိုင်များအား တားမြစ်ပိတ်ပင်ထား၍ အချို့ဆိုင်များ အရောင်းအဝယ်မရှိ ဆိုင်ပိတ်ထားကြောင်း သိရသည်။

လိုင်စင်ရ ဆိုင်ကြီးများတိုင်၍ ပိတ်ရခြင်းပါဟုဒေသခံများက ပြောသော်လည်း မြို့နယ်ကော်မတီက တားမြစ်ခြင်းပါဟု တာဝန်ရှိသူက ပြောသည်။

**ဒွေးမြင့်မောင်**

## ကျုံပျော်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားများပြုလုပ် ဒေသခံများဝမ်းသာ

**ကျုံပျော် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သဲဖြူ အလယ်ကျေးရွာအုပ်စု တံတားရိုးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အလယ်တန်းကျောင်းခွဲ အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ဇူလိုင်၂၇ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ မြို့နယ်ပညာရေးမှူးဆရာကြီး ဦးသန်းဝင်းနှင့် ရပ်မိရပ်ဖ ဦးထွန်းရွှေတို့က ကျောင်းဆိုင်းဘုတ်အားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းသည် ယခင်က မူလွန်အဆင့်သာရှိခဲ့သဖြင့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အလယ်တန်းပညာကို ရွာနှင့် ၃ မိုင်ခန့်ဝေးသော အင်းရဲကျေးရွာနှင့် ၄ မိုင်ခန့်ဝေးသော ကျောင်းကုန်းမြို့နယ်အတွင်းရှိ ပေါက်ဆိန်ပဲ့ကျေးရွာများသို့ ရွှံ့နွံထူထပ်သည့်လမ်းများမှ သွားရောက်သင်ကြားခဲ့ရပြီး ယခုအလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပြီး မိမိတို့ကျေးရွာအုပ်စုအတွင်းတွင် အလယ်တန်းပညာကိုသင်ကြားနိုင်ပြီဖြစ်သဖြင့် အုပ်စုအတွင်းရှိ တံတားရိုး၊ သဲဖြူကျွန်း၊ သဲဖြူလေး၊ ရိုးကြီး၊ သဲဖြူ အလယ်၊ သရက်တောနှင့် သဲဖြူကြီး စသည့်ကျေးရွာ ခုနစ်ရွာမှ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ အထူးဝမ်းသာလျက်ရှိသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**



ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် ငပုတောမြို့နယ်အုပ်ရှစ်ကွင်းကျေးရွာအုပ်စု ဂုံချောင်းကျေးရွာ၊ ငါးရန့်ချောင်းကျေးရွာအုပ်စု သဇင်ကွင်းကျေးရွာ၊ ကျောက်တန်းကျေးရွာအုပ်စု ငွေးပင်ကွင်းကျေးရွာနှင့် အုပ်ရှစ်ကွင်းကျေးရွာအုပ်စု ရှစ်ကွင်းကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ကံကြီးကွင်းကျေးရွာတို့၌ ကျေးရွာသုံးရွာ တစ်ယူနစ်ဖြင့် ငွေကျပ်သိန်း ၃၀၀ အား အရင်းမပျောက်မတည်ရန်ပုံငွေအဖြစ် ထောက်ပံ့ရန် မဲစနစ်ဖြင့်ကော်မတီဖွဲ့စည်းရွေးချယ်ခြင်း၊ ကော်မတီများကို သင်တန်းပို့ချပေးခြင်း ဆောင်လျက်ရှိကြောင်းသိရသည်။

တင်းနှင့်ဓာတ်ပုံ- မျိုးကျော်သူ ငပုတော ပြန်/ဆက်

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်မောင်အောင်

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်မောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။**

**ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

**တန်းတူအခွင့်အရေး(Level Playing Field)ရှိသည့် မော်တော်ကားတင်သွင်းမှုမူဝါဒ**

တစ်ဆက်တည်းမှာပင် မော်တော်ကားများ ဝယ်ယူတင်သွင်းရာတွင် နိုင်ငံသားတိုင်း သာတူညီမျှအခွင့်အရေးရှိသည်နှင့်အညီ နိုင်ငံသားများဖြစ်ပါကမည်သူမဆို ကားတစ်စီး တင်သွင်းခွင့်ရရှိစေလိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်ကို ၂၀၁၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှ စတင်ဖော်ဆောင်ခဲ့ရာ ယခုနှစ်စက်တင်ဘာလ တတိယပတ်အထိ ကားအစီးအရေ စုစုပေါင်း ၁၉၅၁၈၇ စီး တင်သွင်းခဲ့ပါသည်။ မော်တော်ယာဉ် တင်သွင်းဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကားအရောင်းစင်တာ(Car Sale Center)များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကားအရောင်းစင်တာပေါင်း ၁၇၀ ရှိလာပြီဖြစ်သည်။ တစ်ဘက်တွင်လည်း Brand New ကားအသစ်များ လွယ်လွယ်ကူကူဝယ်ယူနိုင်ရေး (Brand New Car Show Room) ၉ ခုကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကမ္ဘာတွင် နာမည်ကြီးသည့် မာစီးဒီး၊ ဖို့ဒ်၊ ချက်ပလက်၊ တိုယိုတာ၊ နစ်ဆန်း၊ မာဇဒါ စသည့် ကားအသစ်ပြခန်းများတွင် အသစ်ဖြစ်သောကြောင့် အာမခံချက်နှင့်အတူ ဝန်ဆောင်မှုများပါ ရရှိနိုင်ပြီဖြစ်သည်။

**ဒွန်တွဲနေသည့် ကောင်းကျိုးနှင့် ဆိုးကျိုး**

မည်သည့်အလုပ်၊ မည်သည့်လုပ်ငန်းကြီးများ (Projects)နှင့် မည်သည့်ပေါ်လစီကိုမဆို အကောင်အထည်ဖော်မည်ဆိုလျှင် ကောင်းကျိုးများရှိသလို ဒွန်တွဲနေမည့် မကောင်းကျိုးများလည်း ရှိသည်။ ရာနှုန်းပြည့်ကောင်းကျိုး မည်သည့်အခါမှ မရနိုင်၊ အရေးကြီးသည်မှာ ကောင်းကျိုးက ဆိုးကျိုးထက် အမြဲတမ်းများနေဖို့လိုပါသည်။ ယာဉ်အိုယာဉ်ဟောင်းအပ်နှံလဲလှယ်မှုနှင့် တစ်ဦးချင်းကားတင်သွင်းမှု ပေါ်လစီကြောင့် ကောင်းသည့်အချက်များမှာ ယခင်ကားဟောင်းများအစား ကားအသစ်များ ဝင်ရောက်အစားထိုးလာမှုကြောင့် မြို့ကြီးတိုင်း ဂုဏ်ကျက်သရေတိုးလာခြင်း၊ ကားဈေးနှုန်း သိသိသာသာ လျှော့နည်းလာခြင်းနှင့် ကားစီးနိုင်မည့် လူဦးရေများလာခြင်း၊ ကားအသစ်များဖြစ်၍ မြို့ပြညစ်ညမ်းမှု လျော့ကျလာခြင်း စသည်များအပါအဝင် ကားအသုံးပြုသူများအတွက် ဘေးကင်းလုံခြုံမှု ပိုမိုရရှိလာခြင်း၊ ကျေးလက်အရောက် ကားအသစ်များ ပျံ့နှံ့သုံးစွဲလာနိုင်ခြင်း စသည့်ကောင်းကျိုးများရှိပြီး တစ်ဘက်တွင်လည်း ဆိုးကျိုးအနေဖြင့် မြို့ကြီးများ အထူးသဖြင့် ရန်ကုန်မြို့တွင် ကားကျပ်သည့်ပြဿနာကြီးမားလာခြင်းပင် ဖြစ်ပါသည်။ ထို့အတွက် မော်တော်ကားဖြင့် သွားလာရသည့်သူများအတွက် အချိန်ပိုပေးရမှုသည် ဘတ်စ်ကားအသုံးပြုနေရသည့် သာမန် အောက်ခြေလူတန်းစားများနှင့် ဝန်ထမ်းများအတွက် ပိုခက်လာခြင်းပင်ဖြစ်သည်။

**ဒေသအတွင်း အနိမ့်ဆုံးကားနှင့် လူဦးရေအချိုးအစား**

လက်ရှိအခြေအနေထိလည်း အာဆီယံဒေသတွင်း ကားနှင့် လူဦးရေအချိုးအစားအရကြည့်လျှင် လူတစ်ထောင်တွင်ရှိသည့် ကားအရေအတွက်မှာ ဘရူနိုင်းနိုင်ငံက ၆၉၆ စီးဖြင့် ဦးဆောင်နေပြီး၊ မလေးရှား၊ ထိုင်း၊ စင်ကာပူတို့မှာ ရာဂဏန်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့က ဆယ်ဂဏန်း၊ ဗီယက်နမ်က အနည်းဆုံး ၁၃ စီးရှိသော်လည်း မြန်မာအနေနှင့်မှု ဆယ်ဂဏန်းပင်မရှိသေးဘဲ လူတစ်ထောင်လျှင် ၈ စီးသာရှိကြောင်း တွေ့ရှိရပါသည်။ ဒေသတွင်း နှိုင်းယှဉ်မှုအခြေအနေနှင့် ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံးဖြစ်သည့် မြန်မာနိုင်ငံအနေနှင့် လက်ရှိရှိနေသည့် ကားနှင့် လူဦးရေအချိုးအစား နည်းနေဆဲပင်ဖြစ်သည်။

**ဘာကြောင့် ရန်ကုန်မှာ ကားကျပ်ရသလဲ**

ရန်ကုန်တွင် ကားကျပ်ရသည့် အခြေခံအကြောင်းရင်းမှာ တင်သွင်းလာသည့် ကားအများစု(၈၀ ရာခိုင်နှုန်းဝန်းကျင်)သည် ရန်ကုန်မှာသာ စုပြုံနေမှုကြောင့် ရှိနေသည့်လမ်းများ၊ တံတားများ အသုံးပြုနိုင်မှုနှင့်စာလျှင် ကားများနေသည့်အတွက်ဖြစ်သည်။ ရန်ကုန်မြို့ကို ကိုလိုနီခေတ် အင်္ဂလိပ်တို့ စတင်တည်ထောင်ကတည်းက လမ်းအကျယ်ကြီးမဟုတ်ဘဲ အဓိကလမ်းဖြစ်သည့် ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်း၊ ကမ်းနားလမ်းစသည်တို့နှင့် နောင်တိုးချဲ့သည့် ဝေဇယန္တာလမ်းများသာ တစ်ဖက်လျှင် ၃ လမ်းစီဖြင့် ၆ လမ်းသွားဖြစ်ပြီး ကျန်အများစုမှာ ၄ လမ်းသွားများသာ ဖြစ်သည်။ ပို၍ဆိုးသည်မှာ လမ်း၏ အကျယ်(Capacity)ရှိသလောက် အပြည့်အဝ မသုံးနိုင်ခြင်းပင်ဖြစ်သည်။ ထိုအချက်မှာ အာရှနှင့် အာဆီယံနိုင်ငံများတွင် မရှိဘဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ရှိနေသေးသည်။ ဆိုလိုသည်မှာ လမ်းအများစု ဘေးဘယ်ညာကားရပ်သည့် အလေ့အထကြောင့် ကားလမ်းအကျယ်အဝန်း၏ တစ်ဝက်လောက်သာ အသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။ စင်ကာပူ၊ ဂျာကာတာ၊ မနီလာ၊ ဗန်ကောက်၊ ပီကင်း၊ နယူးဒေလီစသည့် မြို့ကြီးများတွင် လမ်းမပေါ်တွင် အရေးပေါ်ပျက်သည့်ကားမှလွဲ၍ ရပ်ခွင့်မရှိသလို ပျက်သည့်ကားပင်လျှင် လမ်းနှင့်လွတ်ရာသို့ ချက်ချင်း ရှင်းလင်းပေးရသည်။ ဘတ်စ်ကားများရပ်မည်ဆိုလျှင် မူလလမ်းကြောင်းကို မပိတ်စေဘဲ ဝိုက်ထားသည့်ကားမှတ်တိုင်မှာသာ ရပ်သည့်အတွက် ကားလမ်းကို ၂၄ နာရီ အပြည့်အဝ အသုံးပြုနိုင်သည်။ ရန်ကုန်တွင် ဘတ်စ်ကားများ၊ တက္ကစီများ စည်းကမ်းလိုက်နာမှု အားနည်းနေဆဲဖြစ်ပြီး မှတ်တိုင်တွင် ကပ်၍မရပ်သလို ဘတ်စ်ကား ၂ စီး ခရီးသည်လုရန် ပြိုင်မောင်းသည့်အခါ မူလရပ်ထားသည့် ဘတ်စ်ကား၏ရှေ့မှ ပိတ်လျက် တစောင်းရပ်ခြင်းမျိုးတို့ကိုလည်း တွေ့ရသည်။ လုမောင်းနေမှုကြောင့် ခရီးသည်များ ဘေးကင်းကင်းဖြင့် အတက်အဆင်းလုပ်ရန်ပင် ခက်လာသည်။ ထို့အတူ တက္ကစီသမားများအနေဖြင့်လည်း ခရီးသည်ကတားသည်နေရာမှာပင် ချက်ချင်းရပ်တတ်ပြီး လမ်းကြောပိတ်သည် မပိတ်သည်ကို ဂရုမပြုပေ။ မီးပွိုင့်များတွင် ကားများ စနစ်တကျ တန်းစီစောင့်နေသူများကို အားမနာဘဲ ခေါင်းထိုးဝင်ခြင်း၊ လက်ညှိုးထောင်၍ ဖွတ်ဝင်ခြင်းများလည်း တွေ့ရဆဲပင်ဖြစ်သည်။

အဆိုးဆုံးမှာ ရန်ကုန်၏ နာမည်ကြီးအထက်တန်းကျောင်းများတွင် ကျောင်းသားအများစုမှာ ကလေးတစ်ဦးလျှင် ကားတစ်စီးစီဖြင့် ကြိုပို့နေသည့် မိဘများကြောင့် ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဆိုးရွားစေပါသည်။ ရန်ကုန် လမ်းမကြီးများတစ်လျှောက်ရှိသည့် ကျောင်းများ ယာဉ်ကြောမပိတ်စေရန် ကျောင်းသားတစ်ဦး ယာဉ်တစ်စီးစနစ်အစား ကျောင်းသားများ ဝင်ဆံ့သည့် ဖယ်ရီစနစ်ကို တိုးချဲ့သင့်ပြီဖြစ်သည်။

**ရန်ကုန်ကားကျပ်မှုအားပေးနေသည့် နယ်ကျော်ကားများနှင့် တရားမဝင်ကားများ**

ရန်ကုန်မြို့လူဦးရေ၊ နိုင်ငံခြားသားဝင်ရောက်နေမှုတို့ကို အဓိကထားပြီး တိုင်းဒေသကြီးအလိုက် တက္ကစီများ၊ ဒေသဆိုင်ရာအကြီးအကဲများ ထောက်ခံချက်များဖြင့် တိုင်းအသီးသီးသို့ ချမှတ်တွင်သွင်းစေခဲ့သော်လည်း လက်တွေ့တွင် အဆိုပါ တက္ကစီများအနက် အချို့မှာ ရန်ကုန်တွင်သာ ပြေးဆွဲနေမှုကြောင့် တက္ကစီများ ယခင်ကထက် ပိုမိုများစွာ ရှိနေပေသည်။ **ဆက်လက်ဖော်ပြပါမည်။**

စင်ကာပူ၊ ဂျာကာတာ၊ မနီလာ၊ ဗန်ကောက်၊ ပီကင်း၊ နယူးဒေလီစသည့် မြို့ကြီးများတွင် လမ်းမပေါ်တွင် အရေးပေါ်ပျက်သည့်ကားမှလွဲ၍ ရပ်ခွင့်မရှိသလို ပျက်သည့်ကားပင်လျှင် လမ်းနှင့် လွတ်ရာသို့ ချက်ချင်း ရှင်းလင်းပေးရသည်။ ဘတ်စ်ကားများ ရပ်မည်ဆိုလျှင် မူလလမ်းကြောင်းကို မပိတ်စေဘဲ ဝိုက်ထားသည့်ကားမှတ်တိုင်မှာသာ . . . .

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော်
မင်္ဂလာစံပြ | Top Royal | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) | မင်္ဂလာထွန်းသီရိ(ပြည်)

အောင်ဘာလေ
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ
Top Royal
မန္တလေး- ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

ANT-MAN(3D)
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာ(၂)၊ မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

MINIONS(3D)
ရန်ကုန် - ရွှေဆောင် (၁)
မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း၊
မြို့မ(နံနက်၁၀း၀၀နာရီ)
ပြည်
မင်္ဂလာထွန်းသီရိ


TERMINATOR GENISYS(3D)
ရန်ကုန် - နေပြည်တော်(၃)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

KEEP RUNNING SIR,YES SIR!
ရန်ကုန်
နေပြည်တော်(၂)

UNFRIENDED
ရန်ကုန်
ရွှေဆောင်(၂)

၃၁ . ၇ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ





# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"စောစောက ဆရာ တစ်ခါ ဖြေပြီးပါကောလား၊ ဘောကျော်တို့. . . ဘောသောတို့ ဘဝတုန်းကလို့"

ကိုသက်ခိုင်သည် နောက်ပြောင် ပြောနေသလောဟု စုံစမ်းဟန် မောင်စောနောင်က သူ့မျက်နှာကို စိုက်ကြည့်သည်။ သို့ရာတွင် ကိုသက်ခိုင်၏မျက်နှာက အထူးတည်ကြည်နေပြီး မျက်လုံးများက တစ်နေရာသို့ ငေးကြည့်နေ၏။

မောင်စောနောင်က ကိုသက်ခိုင်ကြည့်ရာသို့ လိုက်ကြည့်မိရာမှ ကိုသက်ခိုင် ဘာကိုမြင်သည်ကို တွေ့ရသောကြောင့် အသာရယ်မောပြီး ဆိုသည်။

"အဲဒီမှာလည်း ဆရာ့အချစ်တော် ဘောကျော်နဲ့ ဘောသောတို့ပဲ ဆရာ၊ ကိုင်း. . . လာ သွားနှုတ်ဆက်ကြရအောင်"

အမှန်ပင် ထိုနေရာ၌ ကြီးမားလှသော ဘီလူးရုပ်ကြီးနှစ်ခု ရှိနေသည်။ မောင်စောနောင်နှင့် ကိုသက်ခိုင်တို့က ရုပ်တုကြီးနှစ်ခု နားသို့ ချဉ်းကပ်သွားကြ၏။ ရုပ်တုနှစ်ခုမှာ ဘီလူးရုပ်များဖြစ်ကြောင်းမှု ပီသသေးသည်။ သို့ရာတွင် အင်္ဂတေများမှာ ဆွေးမြည့်လျက် ကွာကျပြီး ရှိနေ၏။ အတွင်းသား ရှေးဟောင်းအုတ်များက ပေါ်နေသည်။ ရာသီဥတုဒဏ်ကြောင့် ရုပ်တုနှစ်ခုလုံး၏ အရောင်အဆင်းကား ညှိုမည်းနက်မှောင်နေ၏။ အုတ်ကြား အင်္ဂတေကြားတို့တွင် မြက်နှင့် သစ်ပင်ငယ်တို့ အမြစ်တွယ်ကပ် မှီပေါက်နေကြ၏။

ပြုပြင်သူမရှိဘဲ စွန့်ပစ် မေ့လျော့ထားခြင်း ခံရသော ရုပ်တုနှစ်ခုပေတည်း။ ဤသို့ ပြုပြင်သူမရှိဘဲ စွန့်ပစ်မေ့လျော့ထားခြင်းခံရ၍ အရောင်အဆင်း ညှိုမည်းနက်မှောင်နေသောကြောင့်ပင် ဤဘီလူးရုပ်တုနှစ်ခုတွင် ပိုမို၍ အသက်ဝင်နေသည်။ အသက်ဝင်နေသည် ဆိုရသော်လည်း ကြောက်မက်ဖွယ်ရာမှု မရှိ။ အထီးကျန်ဘဝကို ပြနေကြသည်။ ဆိတ်သုဉ်းစွာ ရှိနေကြသည်။ ကရုဏာနှင့် မေတ္တာတရားကို တောင်းခံနေကြသည်။

လက်ယာဘက်ရှိ ဘောကျော်၏ ရုပ်တုဟု အမှတ်သညာ ပြုရသော အုတ်ပုံအစုအဝေးကို ကိုသက်ခိုင်က ယုယကြင်နာစွာ လက်ဖြင့်ပွတ်သပ်ရင်း ကြည့်နေခိုက် မောင်စောနောင်က ဝေဖန်သည်။

"ဟို. . . အဝေးမှာ ဘုရားကတော့ ရွှေရောင်တဝင်းဝင်းနဲ့ ရှိနေတယ်၊ မဆီမဆိုင် ဒီနေရာမှာကတော့ ဘုရားဒကာခများတွေ ဆင်းဆင်းရဲရဲ မျက်နှာငယ်ငယ်နဲ့ နေကြရရှာတယ်၊ ဒါလည်း သိကြားမင်းက ဒဏ်ခတ်ထားလို့ပဲ ထင်ပါတယ်နော်. . . ဆရာ"

"ဒါပေမဲ့ မောင်စောနောင်၊ ဘောသောနဲ့ ဘောကျော်ဟာ ဘုရား ဒါယကာတွေမှ မဖြစ်ခဲ့ရရှာဘဲ၊ လူဖြစ်ကြမှသာ ဘုရား ဒါယကာ ဖြစ်ခဲ့ကြရတာ၊ ဘောကျော်. . . ဘောသော ဘဝတုန်းကတော့ အနုညာတတွေမို့ တည်ခဲ့တဲ့ ဘုရားကိုတောင် မောင်စောနောင် ပြောသလိုပဲ သိကြားမင်းက ဗိတိုအာဏာသုံးပြီး ဖျက်ဆီးခဲ့သေးတယ် မဟုတ်လား၊ အဲ. . . ဘောကျော်နဲ့ ဘောသောဟာ ဘုရားဒါယကာတွေ မဟုတ်ပေမယ့် မြသလွန်တော်ရဲ့ မူလပိုင်ရှင် အစစ်တွေလို့တော့ ခေါ်ရမယ်"

မောင်စောနောင်က ကိုသက်ခိုင်သည် အဘယ်ကြောင့် ဤမျှ ဘောကျော်နှင့် ဘောသောတို့အပေါ် စိတ်ဝင်စားနေရပါသနည်းဟု သိလိုသည်။ သိလိုခြင်းကိုလည်း ဟန်မဆောင်ဘဲ တိုက်ရိုက်မေး၏။

"ဆရာက ဘာလို့ ဒီလောက်တောင် ဘောကျော်နဲ့ ဘောသောကို စိတ်ဝင်စားနေတာလဲ၊ ဒီဒဏ္ဍာရီပုံပြင်တွေကိုကော တကယ့်အဖြစ်အပျက်တွေလို့ ဆရာက ယုံနေလို့လား"

ကိုသက်ခိုင်က တွေးခေါ်မြော်မြင်စွာ ပြုံးလိုက်၏။

"ယုံသလား. . . ဆိုတဲ့ စကားကို ဆရာ ဘယ်လိုဖြေရမလဲ မသိဘူး၊ ဒဏ္ဍာရီပုံပြင်ဆိုတာတွေမှာ ဒဏ္ဍာရီ ပုံပြင်ဆန်ဆန်ပဲ ယုံချင်သူမှ ယုံနိုင်စရာအကြောင်းတွေ ပါနေရိုးပဲ၊ ဒါပေမဲ့ ဒီအကြောင်းအရာတွေထဲမှာ သိမ်မွေ့တဲ့ ဖုံးကွယ်ခြင်းစနစ်နဲ့ သွယ်ဝိုက်သရုပ်ဖော်ထားတဲ့ သစ္စာတရားတွေဟာ ပါပါနေတတ်တယ်"

"ဘယ်လိုလဲ ဆရာ"

"ဥပမာ. . . ဘောကျော်နဲ့ ဘောသောရဲ့ ဇာတ်လမ်းကိုပဲ ကြည့်ကြရအောင်၊ မြသလွန်တော်ဟာ ဘယ်ရှုထောင့်ကနေ ကြည့်ကြည့် သူတို့ရဲ့ အပိုင်ပစ္စည်းပဲ၊ သူတို့ရဲ့ အပိုင်ပစ္စည်းမို့ သူ့ခမျာများလည်း မြတ်နိုးစုံမက်လှပြီး ရင်မှာအထွတ် အမြတ်ထားခဲ့ကြရှာပါတယ်၊ ဒါပေမယ့် သိကြားမင်းက ဝင်စွက်လိုက်တယ်လေ၊ ခမျာတွေဟာ ပိုင်ရက်နဲ့ မဆိုင်ရဘဲ လက်လွှတ်ခဲ့ရရှာတယ်။

အရှုံးပေးခဲ့ရရှာတယ်၊ ဝေးရာ ပြေးခဲ့ရရှာတယ်၊ ဒါကြောင့်လည်း စိတ်ထိခိုက်ခဲ့ရရှာတယ်၊ ရင်နင့်ခဲ့ရရှာတယ်၊ နောက်ဆုံး ရင်ကွဲခဲ့ရရှာတယ်၊ မောင်စောနောင်. . . လူ့ဘဝနဲ့လူ့လောကမှာ သိကြားမင်းတွေ အများကြီးရှိတယ်၊ ဘောကျော်နဲ့ ဘောသောလို ခမျာတွေလည်း အများကြီးရှိတယ်၊ ဆရာနဲ့ မောင်စောနောင်တို့တောင် ဘောကျော်နဲ့ ဘောသောမဟုတ်ခဲ့ဘူး. . . မဟုတ်ဘူး. . မဟုတ်လိမ့်ဘူးလို့ ရဲရဲကြီး မပြောဝံ့ပါဘူး မောင်စောနောင်. . ."

မြသလွန်စေတီ ကုန်းတော်ပေါ်၌တုန်းကကဲ့သို့ပင် ကိုသက်ခိုင်၏ စကားသည် မောင်စောနောင်၏ အသည်းနှလုံးမှ လျှို့ဝှက်ချက်တစ်နေရာရာကို တိုက်ရိုက်ထိခိုက်သွားဟန်တူသည်။ သူငယ်၏ သဏ္ဌာန်သည် သိသိသာသာ တုန်လှုပ်သွား၏။ ပတ်ဝန်းကျင်တွင် ညောင်တစ်ပင်၊ လက်ပံတစ်ပင်နှင့်အခြားသစ်ပင် တစ်ပင် နှစ်ပင်မှလွဲ၍ လူသူလေးပါး တစ်စုံတစ်ဦးမျှ မရှိမှန်းသိလျက်နှင့်သူငယ်၏ခေါင်းသည် ဝဲယာတိမ်းငဲ့ပြီး ဟိုဟို သည်သည်ကြည့်၏။ ထိုနောက် ကိုသက်ခိုင်၏ မျက်နှာကို စေ့စေ့ကြည့်သည်။ သူမြင်ရသည်မှာ ကိုသက်ခိုင် ၏တည်ငြိမ်သော မျက်နှာနှင့် အေးချမ်းသော မျက်လုံးများကိုသာတည်း။

မောင်စောနောင်သည် ရုတ်တရက် ရယ်လိုက်၏။

"ဟား ဟား ဟား. . . ဆရာက သိပ်စိတ်ကူးယဉ်တာပဲ၊ ဒါကြောင့်လည်း ဆရာ့ကို ဝေဖန်ကြတာပဲ၊ စိတ်မဆိုးနဲ့နော်. . . ဆရာ" "ပြောပါလေ"

"ဆရာ့ကို သူတို့က ဝေဖန်ကြတယ်၊ ဆရာဟာ တက္ကသိုလ်ကံ့ကော်နံ့သင်းနေတဲ့ ပညာတတ် လူတန်းစား စိတ်ကူးယဉ်စာရေးဆရာတစ်ဦး. . . တဲ့၊ မဟုတ်ဘူးလား. . ."


ကိုသက်ခိုင်က လှိုက်လှဲစွာ ရယ်ပြီးမှ ဖြေ၏။

"ရန်ကုန်လမ်းကြိုးလမ်းကြား အရက်ဆိုင် သေရည်နံ့ထက်စာရင်တော့ တက္ကသိုလ်ကံ့ကော်နံ့က အများကြီးမွှေးပါသေးတယ်၊ ပညာတတ်လူတန်းစားဘွဲ့ပေးလို့လည်း အများကြီး ကျေးဇူးတင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပညာတတ်အောင် အများကြီးကြိုးစားခဲ့ရတာကိုး၊ အင်း. . စိတ်ကူးယဉ်စာရေးဆရာ ဆိုလို့လည်း စိတ် မဆိုးပါဘူး၊ လောဘ. . ဒေါသ. . . မောဟဆိုတဲ့ အဝိဇ္ဇာတွေကို ဝိဇ္ဇာလို့မြင်၊ တော်လှန်ရေးဆိုတဲ့ အပြုလုပ်ငန်းကို ချေမှုန်းရေးဆိုတဲ့ အဖျက်လုပ်ငန်းလို့ အဓိပ္ပာယ်ကောက်၊ အမုန်းတရားကို ဘဝအင်အားလို့ယူ၊ သည်းခံခွင့်လွှတ်ခြင်းကို ပျော့ညံ့မှုလို့ အနက်ဖွင့်၊ အဓမ္မအထွေထွေကို ဓမ္မလို့ကိုးကွယ်နေကြတဲ့ တိုးတက်ပါတယ်ဆိုတဲ့ ရုပ်ကြမ်းဝါဒီစာရေးဆရာ အဖြစ်ထက်တော့ မေတ္တာတရားရဲ့လောကက လှပမှုအထွေထွေမှာ စိတ်ကူးယဉ်နေရတဲ့ စိတ်ကူးယဉ် စာရေးဆရာဘဝကို ဆရာတော့ လှလှကြီးဂုဏ်ယူပြီး လက်ခံတယ် မောင်စောနောင်"

မောင်စောနောင်ခမျာမှာ မှားယွင်းသော ထိုးစစ်ကို မြှုမိသည့် စစ်သူကြီးပမာ အူကြောင်ကြောင်ဖြစ်သွားရှာသည်။ ကိုသက်ခိုင်က မောင်စောနောင်၏ ပခုံးကို ပုတ်လိုက်ပြီး သတိပေးသည်။

"ကဲ. . မောင်စောနောင်၊ ဘောကျော် ဘောသောနဲ့ သူတို့နှမဟာ မသေမီ နယ်ခွဲပြီး သေလို့ဘဝသစ်ရောက်ကြတော့လည်း ကွဲကြရပြန်သတဲ့၊ မကွေး ရွှေမြို့တော်ကြီးနဲ့ ဟိုမှာဘက် မောင်စောနောင်တို့ မင့်ဆရာ ကိုထွန်းငွေခေါ် မောင်ညိုမှိုင်းတို့နေရာကိုလည်း ကင်းချောင်းက နယ်နိမိတ်သတ်ခွဲခြားထားတယ်၊ ကင်းချောင်းကို မမြင့်ဝေတို့ရဲ့ မော်တော်ကား မဖြတ်နိုင်ဘူး၊ မဖြတ်နိုင်လို့ ခြေကျင်လည်း မလာကြပါဘူး။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




## လက်ထပ်ပြီးစီးခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၁၃၉၂)နေ (ဦးဘကြည်)-ဒေါ်ဝင်းတို့၏သား

**မောင်ဇေယျာဝင်း(တိုင်းရင်းဆေး)နှင့်**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၃)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၃/၁၁၄)နေ ဦးသိန်းမြင့်-ဒေါ်ဝင်းတို့၏သမီး

**မစိမ့်စိမ့်စိုး(Htoo Group of Companies)**

တို့သည် ၂၆-၇-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘများ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း။

မောင်ဇေယျာဝင်း-မစိမ့်စိမ့်စိုး



**ကုမ္ပဏီရုံးခန်းဖွင့်ရန်၊ ဟိုတယ်လုပ်ရန် သင့်လျော်သောလုံးချင်းအိမ်အမြန်ရောင်းမည်/ငှားမည်။**

တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းမ အနီးအဆင့်မြင့်အိမ်ရာ ဝင်းကြီးထဲတွင် ပေ(၁၀၀) ပတ်လည်၊ နှစ်(၆၀)ဂရန်မြေပေါ်တွင်(၃၅ပေ×၇၀ပေ)၊ အိပ်ခန်း(၈)ခန်းပါ RC နှစ်ထပ်တိုက်သစ်ကြီး(၁)လုံး၊ (၂၅ပေ×၈၀ပေ) သုံးထပ်တိုက်သစ်ကြီး(၁)လုံး၊ ခေတ်မီအဆင့်မြင့်ရေကူးကန်၊ ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ 25KVAမီးစက်၊ဂျိုးဖြူရေ၊ အဝီစိတွင်းရေ၊ (၂၄)နာရီလုံခြုံရေး၊ ပတ်ဝန်းကျင်အလွန်သန့်သောနေရာတွင်တည်ရှိသော ခေတ်မီတိုက်သစ်ကိုသင့်လျော်သောဈေးဖြင့် အမြန်ရောင်းမည်/ငှားမည်

၀၉-၃၀၆၆၆၆၁၃၊ ၀၉-၅၃၇၂၃၇၀
၀၉-၂၆၁၄၄၇၀၂၉၊ ၀၉-၂၅၄၃၃၁၆၄၇

ပွဲစားလိုသည်



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအနောက်(၂)လမ်းရှိ အမှတ်(၅၈)၊ မျက်ဆိုင်ညာ(၄)လွှာတိုက်ခန်းအား ကန်ထရိုက်တာ ဦးလှမြင့်[၁၂/တမန(နိုင်)၁၁၃၃၂၂]ထံမှ ကျွန်မ ဒေါ်စန္ဒာ[၁၄/ဖပန(နိုင်)၀၁၆၀၉၀]သည် ၆-၃-၂၀၁၅ ရက်တွင် အဆိုပါတိုက်ခန်းတန်ဖိုးငွေအား အပြီးတစ်လုံးတည်းပေးချေပြီး ဝယ်ယူထားကြောင်းနှင့် မြေရှင်ဖြစ်သူ ဒေါ်ခင်ဆွေဦး[၁၂/သကတ(နိုင်)၀၄၈၁၂၈]၊ ဦးဝင်းနိုင်[၁၂/ သကတ(နိုင်)၀၄၇၆၈၃]တို့မှ အသိအမှတ်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာ
အခန်း(၂)၊ တိုက်(၄၀)၊ မြတေရိပ်သာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။



**မန္တလေးတိုင်းဒေသကြီး၊ ဂရန်တွင်ပုသိမ်ကြီးမြို့နယ်၊ လက်ရှိအခေါ် ပြည်ကြီးတံခွန်မြို့နယ်၊ တိုးချဲ့မြို့ကွက်သစ်တွင် မြေကွက်အမှတ်(၃-၈/၉၅)၊ (ဂ)ရပ်ကွက်၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား ကျန်စစ်သားလမ်းတောင်ဘက် ပေအကျယ် ပေ(၄၀ × ၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ကြည်ကြည်စိန် (AE-၀၇၆၄၆၂) (ဘ)ဦးသုခ အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

အထက်ပါမြေကွက်နှင့်ပတ်သက်၍ နှစ်(၃၀)ဂရန်အမည်ပေါက် ဒေါ်ကြည်ကြည်စိန်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်မွန် (ဘ)ဦးစံတင် [၉/မရမ(နိုင်)၀၁၄၀၅၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အက်စတာမြတ်ထွေး
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)
LL.B,D.B.L,C.B.L,WIPO,GCIP(GENEVA),F.B.S, D.B.S.P,A.P.S
တိုက်-၁၂၊ ၅(A)၊ နေကြာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph:09-43082187

# အမျိုးသမီးများကိုင်လာတတ်သောပိုက်ဆံအိတ်ကိုပစ်မှတ်ထား၍ အမှောင်ရိပ်ခိုလုယက်မှုများ မုံရွာတွင်ဖြစ်ပွားမှုများလာ

**မုံရွာ ဇူလိုင် ၂၉**

မုံရွာမြို့တွင် ယခုရက်ပိုင်းအတွင်းညအမှောင် ကာလနှင့်ညပိုင်းကာလများတွင် အမျိုးသမီးများကိုပစ်မှတ်ထား၍ကိုင်ထား၊ လွယ်ထားသောအိတ်များကိုလုယူထွက်ပြေးမှုများရှိနေကြောင်း၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုယူသူကိုစုံစမ်းနေသော်လည်း လက်ရဖမ်းဆီးမှုမရှိသေးသောကြောင့် အမျိုးသမီးများအနေဖြင့်အချိန် ရှိစဉ်သွားလာကြရန်နှင့်တစ်ဦးတည်းမသွားကြရန်နီးစပ်ရာအချင်းချင်းသတိပေးနေရကြောင်းသိရသည်။

“မုံရွာမြို့လယ်လို့ပြောရတဲ့ချင်းတွင်းရတနာဈေးတောင်ဖက်ဇောင်ကြမ်းပင်ကျောင်းရှေ့ကနေ တောင်ဖက်တလျှောက်လုံး မှောင်တာများနေတော့လုပ်ချင်တဲ့မသမာသူအဖို့အခွင့်သာနေတာပေါ့။ညနက်ပိုင်းမှာမလွှဲသာလို့ထွက် ရတဲ့အမျိုးသမီးတွေအနေနဲ့အဖော်တစ်ယောက်ကတော့မဖြစ်မနေခေါ်သင့်သလို မနက်အစောကြီး ၂ နာရီ၊ ၃နာရီလောက်မှာ ရွာတွေကနေ မုံရွာကိုဈေးလာရောင်းကြတဲ့ အမျိုးသမီးတွေအနေနဲ့လည်း အဖော်တွေနဲ့စုလာတာကောင်းပါတယ်။ ဈေးရောင်းလာကြတာဆိုတော့ မုံရွာမှ ပြန်ရောင်းမယ့်ပစ္စည်းကိုဝယ်ဖို့အတွက် ပိုက်ဆံ အရင်းအနှီးကလည်းပါလာတာဆိုတော့ အန္တရာယ်များလှပါတယ်။ နောက်ပြီးအမျိုးသမီးအများစုကပိုက်ဆံအိတ်ကို လွယ်တာချိတ်တာမလုပ်ဘဲလက်နဲ့ပေါ့ပေါ့ဆဆကိုင်လာတာလည်းလုယူသူကိုဖိတ်ခေါ်သလိုဖြစ်နေ စေပါတယ်။”ဟု မုံရွာမြို့ခံတစ်ဦးက ပြောပြသည်။

ပြီးခဲ့သည့်ဇူလိုင်လလယ်က မုံရွာမြို့အေးသာယာရပ်အတွင်းပိုက်ဆံအိတ်ကိုင်လျက် ဆိုင်ကယ်စီးလာသူအမျိုးသမီးတဦးကို ဆိုင်ကယ်အမြန်စီးလာသော လူငယ်အမျိုးသားတစ်ဦးက လုယက်ယူငင်ပြေးရာအနီးဝန်းကျင်မှ လိုက်လံဖမ်းဆီးသော်လည်းဖမ်းမိမှုမရှိကြောင်း လိုက်လံဖမ်းဆီးသူများထဲတွင်ပါဝင် သူတစ်ဦးထံမှသိရသည်။

ဇူလိုင် ၂၇ ညပိုင်းကလည်း ဗိုလ်ချုပ်လမ်းမကြီးပေါ် အေးသာယာရပ်ဖက်တွင် ဆိုင်ကယ်စီးအမျိုးသမီးတစ်ဦး၏ ပိုက်ဆံအိတ်လုယက်ခံရမှုဖြစ်ရာ သက်ဆိုင်ရာက စုံစမ်းဆောင်ရွက်နေကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ချမ်းငြိမ်းကုန်တင်သင်္ဘော မုံရွာ–ကလေးဝသို့ တစ်ပတ်တစ်ခေါက်ပြေးဆွဲ

**ကလေးဝ ဇူလိုင် ၂၉**

ပြည်တွင်းရေကြောင်းဌာနမှ မုံရွာ-ကလေးဝသို့ တစ်ပတ်တစ်ခေါက်ပြေးဆွဲလျက်ရှိသည့် ချမ်းငြိမ်းကုန်တင်သင်္ဘောကြောင့် ကုန်စည်များတင်ပို့ရာတွင် အဆင်ပြေချောမွေ့လျက်ရှိကြောင်း ဒေသခံများကပြောသည်။

ယခုလို မိုးတွင်းကာလဖြစ်သည့် မြစ်ရေတိုးချိန်တွင် နှစ်စဉ်ပြေးဆွဲလျက်ရှိပြီး မုံရွာမှအဆန်တွင် ကွမ်းသီးနှင့် အခြားစားသောက်ကုန်ပစ္စည်းများတင်ဆောင်၍ ကလေးဝမှအစုန်တွင် ပဲအမျိုးမျိုးနှင့် အိန္ဒိယဂျုံမှုန့်များကိုအဓိကထား တင်ဆောင်သည်။

၂၀၁၄ ခုနှစ်တွင် မုံရွာ-ကလေးဝသို့ ၂၂ ခေါက်ပြေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဇွန်လမှ နိုဝင်ဘာလအထိ ၂၇ ခေါက်လျာထားကာ ယခုအချိန်အထိ ၅ ခေါက်ပြေးဆွဲပြီးဖြစ်ကြောင်း သိရသည်။

**သီဟ(ပြန်/ဆက်)**



## ချောင်းအနောက်ဘက်ကမ်း အနိမ့်ပိုင်းဒေသများ ရေနစ်မြုပ်

**ကျောက်ကြီး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ ကျောက်ကြီးချောင်းအနောက်ဘက် ကမ်းအနိမ့်ပိုင်းဒေသများမှာ ဇူလိုင်လတတိယပတ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်ကြီးချောင်းရေမြင့်တက်လာပြီး ရေနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

“ကျောက်ကြီးချောင်းအနောက်ဘက်ကမ်းမှာက ကပ်ကျေးရပ်ကွက်၊ ဆားတန်းရပ်ကွက်နဲ့ ပဲခူးရပ်ကွက်ဆိုပြီး ရပ်ကွက်သုံးခုရှိတယ်။ မိုးရာသီ ကျောက်ကြီးချောင်းရေတက်လာပြီဆိုရင် ကပ်ကျေးရပ်ကွက်နဲ့ ပဲခူးရပ်ကွက်အနိမ့်ပိုင်းတွေက အရင်ဆုံးရေနစ်မြုပ်ခံရတော့တာပဲ” ဟု ရေနစ်မြုပ်ခံ ကပ်ကျေးရပ်ကွက်မှ မိသားစုဝင်တစ်ဦးက ပြောသည်။

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ဇူလိုင် ၂၆ ရက် မုန်တိုင်းငယ်ဖြစ်ပေါ်နေမှု သတင်းထုတ်ပြန်ပြီးနောက် မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ ရေနစ်မြုပ်မှုများ ပိုမိုမြန်ဆန်လာခဲ့သည်ဟု သိရသည်။

**(၁၂၂)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

## ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်း၊ ဆန်၊ ဆီ၊ ဆားဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်

**ဟိုပန် ဇူလိုင် ၂၉**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့က ကြီးမှူးကျင်းပသော ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်း၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ မြို့မကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီဟဗလထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် မြို့နယ်အတွင်း သီတင်းသုံးနေထိုင်တော်မူသော ရဟန်းသံဃာတို့အား ရည်မှန်း၍ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များသည် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးအတမ်းပေးဝေခဲ့ကြသည်။

တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ ဇနီးဒေါ်စောနန်းပန် သားသမီးမြေးတစ်စုမှ ပိဋကတ်သုံးပုံတစ်စုံထည့်ရန် မှန်ဗီရိုတစ်လုံး၊ မောင်းကြီးနှစ်လုံး၊ ငွေကျပ် ၆၆၀၀၀၀ိ၊ ဆီ၊ ဆား၊ ကြက်သွန်များကိုလည်းကောင်း၊ နတလမှ သင်္ကန်း ၄၂၈ စုံ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက ဆန်အိတ် ၁၈၃ အိတ်၊ ဆီ ၁၀ ပိဿာသုံးပုံးနှင့် ၃၀ ဖာ၊ ဆားအိတ် ၂၈၀ နှင့် လှူဖွယ်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ၆၄၉၈၀၀၀ ကို ဟိုပန်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၃၃ ကျောင်းသို့ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြား

**သာစည် ဇူလိုင် ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတစ်ခုဖြစ်သော သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ အမျိုးသမီးငယ်များ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုရှိစေရေးတို့အတွက်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက သာစည်မြို့ ရတနာမာရ်အောင်ဇာတ်ရုံကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

